မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၇၃)

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၄)

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏

မေတ္တာသည် ကျေးဇူးပြုတတ်၏

မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ

မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ

မေတ္တာသည် မာန်မာနထားခြင်းမရှိ

မေတ္တာသည် မလျော်သောအကျင့် မကျင့်

မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

(သာသနာရေး)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်လာရုစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား၊အာရ်၊လူကာ ရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံသို့ တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ကိုယ်စားလှယ်များအား ဂုဏ်ပြုတည်ခင်းသည့်ညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံသို့ တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုတည်ခင်းသည့် ညစာ စားပွဲကို ယနေ့ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊

စာမျက်နှာ ၆ ကော်လံ ၁ ●

ရင်းရင်းနီးနီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံသို့ တက်ရောက်လာကြသည့် စာပေပညာရှင်များ၊ ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနီးနီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ (ဇူလိုင် ၃ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

၂၀၀၆ခုနှစ် ဇူလိုင်လ၃ရက် **(ယနေ့)**သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။

မြန်မာအမျိုးသမီးများအနေဖြင့် ရရှိထားပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ ခေတ်ကာလနှင့်အညီ အမျိုးသမီးအခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဆက်လက်တိုးပွားဖြစ်ထွန်းရေးတို့အတွက် ဦးဆောင်ဦးရွက်ပြုသွားရမည့် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်း ပေးခဲ့သည်။ ၁၉၉၈ခုနှစ်တွင် **"အမျိုးသမီးရေးရာကော်မတီ"** စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ် ပြဋ္ဌာန်းခဲ့သည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲများ၊ ငွေလှူဒါန်းပွဲများ၊ သွေးလှူဒါန်းပွဲများ၊ သီကောင်းစရာဆွေးနွေးပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။

မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မွန်မြတ်မြင့်မားသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ၂၀ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်း ခဲ့သည်။

မြန်မာနိုင်ငံ၌ လူဦးရေ၅၄သန်းကျော်ရှိသည့်အနက် အမျိုးသမီးဦးရေသည် ၂၇သန်း ကျော်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မိမိနိုင်ငံရှိ အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြုပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခဲ့၍ အဖွဲ့ဝင်ပေါင်း ၂ဒသမ ၅၆သန်းကျော်အထိ ရှိလာခဲ့ပြီး အဖွဲ့ဝင်သစ်များလည်း ဝင်ရောက်နေကြဆဲဖြစ်သည်။

နှစ်ပေါင်းထောင်ချီပြီး အဓွန့်ရှည်တည်တံ့လာခဲ့သည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်နှင့်လူမျိုး အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာတွင် လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးရာတွင်လည်းကောင်း၊ မျိုးဆက်သစ် လူငယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက် ပေးရာတွင်လည်းကောင်း၊ သမိုင်းပေးတာဝန်အရပ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ရာတွင်လည်းကောင်း မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာအမျိုးသမီး ထုကြီးတစ်ရပ်လုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သွေးတည်း၊ တစ်သားတည်းစည်းလုံး ညီညွတ်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုလျက် ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်ကုန်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တပ်ကုန်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၇ရက်နံနက် ၇နာရီက တပ်ကုန်းတပ်နယ် နယ်မြေခံတပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

စတင်စိုက်ပျိုးပေး

ရှေးဦးစွာ တိုင်းမှူးအား တပ်ကုန်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးထက်က တပ်နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တက်ရောက်လာကြသည့် တပ်ရင်းတပ်ဖွဲ့ ကိုယ်စားလှယ်များသို့ ခြံစည်းရိုးကြက်ဆူပင်များကို ခွဲဝေပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးသည်။ **(ဓါတ်ပုံ)**

ယင်းနောက် တိုင်းမှူးသည် တက်ရောက်လာသူများ၏ ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း၂၆၄၀၀ပင်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၁)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	ကျန်းမာသုတ
	၁၇။	မေးမြန်းစုံစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၉)

သာသနာပြုလုပ်ငန်းများအတွက် အလှူငွေပေးအပ် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အလှူငွေလက်ခံ

ရန်ကုန် ဇူလိုင် ၂

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဧည့်ခန်းမ၌ ကျင်းပသော သာသနာပြုလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာပြုလုပ်ငန်းများအတွက် အလှူရှင် ဦးတင်စိန်-ဒေါ်ကျင်သိန်း မိသားစုတို့က ရွှေရတု မင်္ဂလာအထိမ်းအမှတ် ငွေပဒေသာပင် ငွေကျပ်သိန်း၁၀၀၀ မှ အကျိုးအမြတ်ရရှိငွေ၄၁၂၂၉၈၄ကျပ် ၇၉ပြား၊ သီဟသုခမ္မသိင်္ဂီ ဒေါက်တာ ဒေါ်ရီရီလှ (ယုဝတီခင်ဦး)က တောင်တန်းသာသနာပြု လုပ်ငန်းအတွက် ငွေကျပ်သုံးသိန်း၊ တောင်တန်း သာသနာပြု (အဏ္ဏဝါမိသားစု)က တောင်တန်း သာသနာပြုသင်တန်းကျောင်းအတွက် ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(ဓါတ်ပုံ)**

ယင်းနောက် ဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	သိစေချင်သည် ICT (Network)
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပြင်ဆင်ခြင်း သင်တန်း
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ [ဒေါ်ရီရီမြင့် (အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)]
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	စံပြကျွန်းအထူးစိုက်ခင်း (ကြံခင်း)
၉း၃၅	ကောင်းကင်ယံကအန္တရာယ်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅	ဝယ်ချင်စရာမျိုးစုံစွာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	အရက်အန္တရာယ်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (အကယ်ဒမီ ခင်ယုမေ)
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	လိပ်ပုတ်သင်ညို (Big Headed Turtle)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	လင်းလက်နေဆဲကြယ်တစ်ပွင့် (ငွေကမ္ဘာ ကမ္ဘာလှည့်တင်တင်စိန်)
၁၁း၄၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၁၂း၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု

မြန်မာအမျိုးသမီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်

မြတ်မျိုးမြင့်

“ဘွားဘွားတို့ခေတ်”
“မေမေတို့ခေတ်”
“သမီးတို့ခေတ်”
မည်သည့်ခေတ်အခါကိုပဲ ကြည့်ကြည့် “မြန်မာအမျိုးသမီး”တို့၏ ဇာတိပုညဂုဏ်မာနများက ပြော၍မကုန် ရေး၍မပြီးနိုင်ပါ။

“မြန်မာအမျိုးသမီးများနေ့”
(၃-၇-၂၀၀၆)

ရန်ကုန်မြို့တွင် စိုက်ထူထားသော ပိုစတာကြီးများကို အဝေးကပင် မြင်နိုင်ပါသည်။ မိုးပြာရောင်နောက်ခံပေါ်တွင် အဖြူရောင်စာလုံးကြီးများဖြင့် ရေးထားသည်။ “မိုးပြာရောင်”သည် တည်ငြိမ်အေးချမ်းခြင်းကို ဖော်ပြနေသည်။ အမျိုးသမီးများ၏ တည်ကြည်လေးနက်သော၊ အေးချမ်းသောစိတ်ဓာတ်ကို ကိုယ်စားပြုထားသည်ဟု ဆိုရပေမည်။ ထင်ရှားသော အဖြူရောင်စာလုံးများမှာ ရိုးသားသော၊ ဖြူစင်သော၊ မွန်မြတ်သော မြန်မာအမျိုးသမီးများ၏ ကိုယ်ပိုင်ဂုဏ်ဒြပ်ကို ထင်ဟပ် ဖော်ပြနေသည်။

မြန်မာတို့၏ သမိုင်းစာမျက်နှာများစွာတွင် မြန်မာအမျိုးသမီးတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ် ဆောင်ရွက်ချက်၊ ကြိုးပမ်းချက်များကို တွေ့မြင်ရပေမည်။ ပျူခေတ်မှစ၍ ယနေ့ထက်တိုင် ထူးချွန်ထင်ရှား စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများ၏ စွမ်းပကားမှာ ကြီးမားခဲ့ထည်လှသည်။

ခေတ်ရေစီးကြောင်းနှင့်အတူ မြန်မာ့သမိုင်းသည် ကမ္ဘာ့သမိုင်းနှင့် ပတ်သက်လာရသည်။ ၁၈၂၄ ခုနှစ်မှစ၍ မြန်မာနှင့်အင်္ဂလိပ်တို့ စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့သည်။ အကြံအစည်ရှိရှိဖြင့် ကျူးကျော်လာသော နယ်ချဲ့တို့ကို လက်နက်အင်အားချင်း ကွာဟမှုကြောင့် မြန်မာတို့ အရေးနိမ့်ခဲ့ရသည်။

သို့သော် နယ်ချဲ့တို့အား သူ့ကျွန်မခံတွန်းလှန်သော တိုက်ပွဲများ မြန်မာနိုင်ငံ အနှံ့အပြားသို့ တောမီးပမာပျံ့နှံ့သွားသည်။ တောင်ပေါ်မြေပြန့် ဒေသအနှံ့ ခုခံရေးတိုက်ပွဲများ၌ မြန်မာအမျိုးသမီးများလည်း တစ်တပ်တစ်အား ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့အတူ နယ်ချဲ့တပ်များအား မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲတောက် ခုခံတိုက်ခိုက်ခဲ့သော မြန်မာအမျိုးသမီး နှစ်ယောက် အကြောင်းကိုလည်း အောက်ပါအတိုင်း လေ့လာသိရှိခဲ့ရသည်။

၁၈၈၆ခုနှစ် နောက်ပိုင်း ပုသိမ်ခရိုင်တွင် နယ်ချဲ့တပ်များကို ခုခံတိုက်ခိုက်ခဲ့ကြပြီး ခေါင်းဆောင်များမှာ ဦးကျွဲ၊ ဖိုးဆိုင်၊ ဖိုးအောင်၊ အိုးဘုတ်တို့ဖြစ်ကြသည်။ ဖေဖော်ဝါရီလကုန်လောက်တွင် ခေါင်းဆောင်ဖိုးဆိုင်နှင့် တပည့်နှစ်ယောက်၊ အမျိုးသမီးနှစ်ယောက်ကို ခရိုင်တရားသူကြီးနှင့် အင်စပက်တော်ဘဲလေ (Inspector Beale)တို့က ဝင်ရောက်ဖမ်းဆီးရာ၌ ဖိုးဆိုင်နှင့်တပည့်နှစ်ယောက် အသတ်ခံလိုက်ရသည်။ ဤကဲ့သို့ အချင်းဖြစ်ပွားမှုကြောင့် ဘဲလေမှာလည်း ဓားဒဏ်ရာနှစ်ချက် ပြင်းထန်စွာရရှိသွားပြီး ဆေးကုသထားရသည်။ အခြားပုလိပ်တစ်ယောက်မှာလည်း ညာဘက်လက်မောင်းတွင်ဓားဒဏ်ရာ ရရှိသွားသည်။ ၎င်းတို့ဒဏ်ရာရရှိခြင်းမှာ ဖိုးဆိုင်နှင့် အမျိုးသမီး နှစ်ဦး၏ လက်ချက်ကြောင့်ဖြစ်သည်။ ထိုအမျိုးသမီးနှစ်ဦးမှာ ပုသိမ်ခရိုင် ခုခံမှုများတွင် အကြိမ်ကြိမ်ပါဝင်ခဲ့သော အလွန်ထက်မြက်သူများ ဖြစ်ကြသည်ဟူ၍ Report on Violent Crime in Lower Burma during the First quarter of 1887. By the inspector general of Police တွင် တွေ့ရှိရသည်။ နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲများတွင် ရှုပ်ရှုပ်ရှုံ့ရှုံ့ ပါဝင်ဆင်နွှဲခဲ့ကြသည့် မြန်မာအမျိုးသမီးများ၏ ရဲစွမ်းသတ္တိကို တိုက်ပွဲများတွင် ပါဝင်ကြုံတွေ့ခဲ့သော ဗြိတိသျှနှင့် ၎င်းတို့၏ အပေါင်းပါများက တအံ့တသြ ရေးသားမှတ်တမ်းတင်ခဲ့ကြရခြင်းဖြစ်သည်။

ဖီးလ်ဒင်းဟော ရေးသားသော “မြန်မာ့စိတ်ထား” (Hall. H. Fielding, The Soul of a People) စာအုပ်တွင် “ကျွန်ုပ်တို့သည် ရန်သူ့ စခန်းတစ်ခုကို ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရာ အမျိုးသား အဝတ်အစားကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး ထိခိုက်သေဆုံးနေသည်ကို တွေ့ရှိရသည်။ သူမသည် စခန်းသို့ သူ့ချစ်သူနှင့် အတူ လိုက်ပါလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှင့် တိုက်ပွဲဖြစ်ပွားကြရာ အမျိုးသမီးသည် ဓားနှင့်သေနတ်ကိုဆွဲပြီး သူ့ချစ်သူဘေးမှနေ၍ ကူညီတိုက်ခိုက်သည်။ ထိုသို့ တိုက်ခိုက်နေရင်း သူမသည် လည်ပင်းနှင့် ကျောကုန်းတွင် ဒဏ်ရာရရှိပြီး သေဆုံးသွားသည်။ ဤမိန်းကလေး သေဆုံးခြင်းသည် ကျွန်ုပ်တို့အတွက် အထူးဆန်းဆုံးဖြစ်ရပေသည်”ဟူ၍ ဖော်ပြထားသည်။

နှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ လူသူလက်နက်အင်အား မမျှသဖြင့် နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲများ လျော့နည်းသွားခဲ့သည်။ သို့သော် “မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်”မှာ ဘယ်သောအခါမှ ကုန်ဆုံးပျက်သုဉ်းမည် မဟုတ်ချေ။ နှစ်ဆယ်ရာစုဆန်းစကာလ၌ အမျိုးသားရေးလှုပ်ရှားကြိုးပမ်းမှုအဖြစ် အသင်းအဖွဲ့များ ပေါ်ပေါက်လာသည်။ ထိုအချိန်မှာလည်း အမျိုးသားများနည်းတူ မြန်မာအမျိုးသမီးများက အသင်းအဖွဲ့များစွာကို ထူထောင်ဆောင်ရွက်ခဲ့ကြသည်။

ထိုခေတ်ကာလ အမျိုးသမီးအသင်းအဖွဲ့များကို လေ့လာကြည့်လျှင် စိတ်ဝင်စားဖွယ်ကောင်းသည်။ လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့သော၊ သူ့ကျွန်မခံသော မြန်မာ့စိတ်ဓာတ်ကို ဆက်ခံထားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအဖွဲ့များတွင် အလွှာမျိုးစုံမှ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၀၉ခုနှစ်တွင် “မြန်မာကုမာရီအသင်း” ကို တည်ထောင်ခဲ့သည်။

ထိုအသင်း၏ အကျိုးတော်ဆောင်မှာ ရန်ကုန်အနောက်ပိုင်းမှ ကုန်သည်ဒေါ်ဖွားသစ်ဖြစ်သည်။ တွဲဖက်အကျိုးဆောင်များမှာ ဦးကြူး၏ ဇနီး ဒေါ်စောခင်နှင့် ဒီးဒုတ်ဦးဘချို၏ဇနီးဒေါ်လှမေတို့ ဖြစ်ကြသည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတွင် ကလောင်သွားသည် ဓားသွားထက် ထက်၏ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာ့အမျိုးသမီး စာဆိုများကလည်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

“ဆောင်ဘုံနန်းထက်
ကြင်နှန်းကွယ်လှစ်၊ သူ့ကျွန်ဖြစ်မှ
တောင့်တခါခါ၊ လွတ်ရေးသာတည့်” ဟူ၍ “ဆန္ဒဟူသည်” ကဗျာဖြင့် ကဗျာစာဆိုငွေတာရီက မြန်မာ့လွတ်လပ်ရေးကို တမ်းတတောင်းဆိုခဲ့သည်။

စာရေးဆရာမကြီး(ဒေါ်)ဒဂုန်ခင်ခင်လေး၏ ရွှေစွန်ညိုနှင့်သား ရွှေစွန်ညိုဝတ္ထု၊ အခြားစာဆိုရှင် အမျိုးသမီးတို့၏ လွတ်လပ်ရေး တိုက်ပွဲဝင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများစွာ ပေါ်ထွန်းခဲ့သည်။

၁၈၂၄ခုနှစ်မှ ၁၉၄၈ခုနှစ်အထိ မြန်မာတို့ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ကြပုံမှာ ရေး၍မကုန်၊ ပြော၍မဆုံးနိုင်ပေ။ တေးဂီတပညာရှင်များကလည်း ရဲစိတ်ရဲမာန်တက်ကြွစေသော တေးသီချင်းများဖြင့် ဇာတိမာန်ကို လှုံ့ဆော်ခဲ့ကြသည်။

“မြန်မာတို့တိုင်းပြည်၊ ရဲဇာနည်သွေးနဲ့ညီ၊ ကမ္ဘာတစ်ဝန်းမှာ မော်ကွန်းတင်လောက်သည်။ အသက်ကိုလည်း စွန့်ခဲ့သည်၊ ဇာတိမာန် အတည် ရှေ့ဆောင်လမ်းပြညီ၊ ရာဇဝင်ဘုန်းရောင် အစဉ်ပဲတောက်ခဲ့သည်၊ သတ္တိခဲ နွှဲဖို့အချိန်တော်ပြီ” ဟူ၍ အဆိုတော်ဒေါ်ကြည်အောင်က မာန်ပါပါဖြင့် သီဆိုခဲ့သည်။ ဤသီချင်းသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေခဲ့သည်။

ဒေါ်စိန်ပါတီ၏ **“ပါတော်မူ”**သီချင်းကလည်း မြန်မာတို့၏ မျိုးချစ်စိတ်ကို လှုံ့ဆော်ပေးခဲ့သည်။

မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်မှ မြန်မာအမျိုးသမီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို ဆက်ခံပွားများကာ ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ ဩဇာခံဘဝ၊ အခြွေအရံနိုင်ငံဘဝသို့ မကျရောက်အောင် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

သမိုင်းစဉ်လာထိန်လင်းပြာသည့် မြန်မာအမျိုးသမီးများ

မင်္ဂလာကေပိုဒ်ရတု

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

သမိုင်းစဉ်လာ၊ ထိန်လင်းဖြာသား၊
“မြန်မာအမျိုးသမီး”၊ ဂုဏ်ရှိန်ကြီးရှင့်၊
ရိုပ်ထီးတန်ဆောင်၊ မြန်ပြည်ထောင်ဝယ်၊ ဂုဏ်ဆောင်ခဲ့ကြ၊
ဣတ္ထိယတို့၊
မြန်မာ့ရိုးရာ၊ ရေးစဉ်လာနှင့်၊ လိမ္မာယဉ်ကျေး၊ လှပဂေးဟု၊
မျှော်တွေးကြံဆ၊ မြတ်သိပ္ပနှင့်၊ စောင့်ကြမျိုးနွယ်၊ မြမျက်ခြယ်တို့၊
ကာကွယ်စောင့်ရှောက်၊ မျိုးဂုဏ်တောက်ခဲ့၊ ချီးမြှောက်ဂုဏ်ရှင်၊
“မွေးမိခင်ဟု”၊
ဂိုဏ်းဝင်အနန္တ၊ ဦးညွှတ်ကြလျက်၊ ဦးချရိုသေ၊ ဂုဏ်ပြုပေရှင့်၊
မွေးမေကျေးဇူး၊ မြတ်ဂုဏ်ထူးကို၊ ရည်စူးလျက်သာ၊
ပြည်မြန်မာဝယ်၊
ရေးရာကော်မတီ၊ ဘွဲ့ထူးချီ၍၊ ဦးတည်စွမ်းပြ၊ ခန်းကဏ္ဍဖြင့်၊
မြန်မာ့အမြုတေ၊ သာကီဆွေဟု၊ ပျိုမေအားလုံး၊
ပေါင်းစည်းရုံးလျက်၊
ဆုံးရှုံးမှုကင်း၊ ဘေးရန်ရှင်း၍၊ ဖြည့်တင်းဥစ္စာ၊ မြတ်ပညာနှင့်၊
ကျန်းမာယဉ်ကျေး၊ ပညာပေးခဲ့၊ ဆွေးနွေးရွက်ဆောင်၊
ဤလူ့ဘောင်ဝယ်၊
ထူထောင်ဖွံ့ဖြိုး၊ ဘက်စုံတိုးရန်၊ အမျိုးသမီး၊ ရှုမငြီးတို့၊
ကမ္ဘည်းဂုဏ်ရည်၊ မြန်ရွှေပြည်ဝယ်၊ စောင့်ပြီမျိုးနွယ်၊ အန္တရာယ်ကို၊
ကာကွယ်ဖယ်ရှား၊ မျိုးမာန်အားနှင့်၊ မျိုးသားစိတ်ဓာတ်၊
ကျင့်ကြံအပ်ရှင့်၊
ဂုဏ်ဒြပ်ထွန်းပြောင်၊ “လှတန်ဆောင်တို့”၊ အောင်စည်ဆော်ရွမ်း၊
အောင်မော်ကွန်းနှင့်၊
စွမ်းဆောင်နိုင်ပြီ၊ “ကုမ္မာရီတို့”၊ မိပြည်သတင်း၊ ဂုဏ်ရောင်ဝင်း၍၊
ပျံ့သင်းသြဘာ၊ “မျိုးမြန်မာ”ဟု၊ ကမ္ဘာတစ်ဝန်း၊
အောင်စည်ရွမ်းလျက်၊
ဖော်ညွှန်းဖေယျာ၊ ဂုဏ်ပြုပါသည်....။
မာလာပျိုးပွင့် စွင့်စေသော၀ ။ ။
မြန်မာမျိုးမြင့် တင့်စေသော၀။ ။
ကမ္ဘာတိုးဆင့် ဝင့်စေသော၀ ။ ။

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက်
မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူ့ဘောင် ဖွံ့ ဖြိုးအောင်
စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်မှ မြန်မာအမျိုးသမီးများ၏ နယ်ချဲ့ဆန့်ကျင် ရေးစိတ်ဓာတ်ကို ဆက်ခံပွားများကာ ကိုလိုနီနယ်ချဲ့ လက်သစ်တို့၏ ဩဇာခံဘဝ၊ အခြွေအရံနိုင်ငံဘဝသို့ မကျရောက်အောင် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

လီနိုဗိုကွန်ပျူတာထုတ်လုပ်သည့် စက်ရုံ၏လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်လီနိုဗိုအိုင်တီထုတ်ကုန်ပစ္စည်းများ ထိုင်းဈေးကွက်တွင်တင်ပို့ရောင်းချမည်

ဗန်ကောက် ဇူလိုင် ၂

တရုတ်နိုင်ငံ၏ အကြီးဆုံးအိုင်တီကုမ္ပဏီလီနိုဗိုက ထိုင်းဈေးကွက်သို့ ၎င်း၏ ဒီဂျစ်တယ်ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ဇွန် ၃၀ရက်က ကြေညာလိုက်သည်။

ယင်းကုမ္ပဏီက ကမ္ဘာတစ်ဝန်း အိုင်တီဈေးကွက်များတွင် ယင်း၏ အမှတ်တံဆိပ်များကို တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

လီနိုဗိုကုမ္ပဏီက ထိုင်းဈေးကွက်သို့ တင်သွင်းမည့် ပထမဆုံး ပစ္စည်းလေးမျိုးမှာ ဖလက်ဒရိုက်၊ အမ်ပီသရီး ပလေယာ၊ ဒီဂျစ်တယ်ကင်မရာများနှင့် ဝက်ဘ်ကင်မရာများဖြစ်သည်။ ယင်းပစ္စည်းလေးမျိုးကို ဗန်ကောက်မြို့လယ်၌ ဇွန် ၃၀ ရက်က ကုန်စည်ပြပွဲတစ်ရပ်ပြုလုပ်၍ စတင်ဈေးကွက်မိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း လီနိုဗို ဒုတိယဥက္ကဋ္ဌ ရှုဟောင်က ပြောကြားသည်။

လီနိုဗိုကို ၁၉၈၄ ခုနှစ်က တည်ထောင်ပြီး တရုတ်နိုင်ငံတွင် ပီစီကွန်ပျူတာ ပထမဆုံးအကြိမ်ထုတ်လုပ်ခဲ့ပြီး မူလက လီဂျင်းအမည်ဖြင့် ထုတ်လုပ်ကြောင်း သိရသည်။ ၎င်းကုမ္ပဏီသည် တရုတ်ပီစီဈေးကွက်ကို လွှမ်းမိုးထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပီရူးလှိုဏ်ဂူမြောင်ထဲ၌ တောင်တက်သမားသုံးဦး၏ ရုပ်အလောင်းများတွေ့ရှိ

လီမာ ဇူလိုင် ၂

ပီရူးနိုင်ငံ၏ မီတာ ၅၀၀ နက်သော လှိုဏ်မြောင်တစ်ခု၏ အောက်ခြေတွင် ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဇွန်၃၀ရက်က အမေရိကန်နိုင်ငံသား သုံးဦးသေဆုံး ခဲ့ကြောင်း အစီခံတင်ပြသည်။

၎င်းတို့သည် ပီရူးနိုင်ငံမြို့တော် လီမာမြို့အရှေ့မြောက်ပိုင်း ယန်ဂေး ပြည်နယ်ရှိ နှင်းများ ဖုံးလွှမ်းနေသော အာတီဆွန်ရာဂျူ တောင်အား တက်ခဲ့ကြသောတောင်တက်သမားများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မျိုးရိုးဗီဇပြုပြင်ထားသောခရမ်းချဉ်သီး အိပ်ချ်အိုင်ဗွီနှင့်အသည်းရောင်ဘီပိုင်းရပ်စ်ပိုးကိုတိုက်ဖျက်ပေးနိုင်

လန်ဒန် ဇူလိုင် ၂

လူများတွင် ကူးစက်တတ်သော အိပ်ချ်အိုင်ဗွီနှင့် အသည်းရောင်ဘီရောဂါ ဗိုင်းရပ်စ်ပိုးများကို တိုက်ဖျက်ပေးနိုင်သော ကာကွယ်ဆေးပါဝင်သည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ခရမ်းချဉ်သီးများကို ရုရှားနှင့် အမေရိကန် သုတေသနပညာရှင်များက တီထွင်လုပ်ဆောင်ခဲ့သည်။

ဖျက်ဆီးပစ်နိုင်

ယင်းခရမ်းချဉ်သီးများကို စားသုံးလိုက်ချိန်တွင် ခရမ်းချဉ်သီးမှ ပရိုတိန်းဓာတ်နှင့် ပိုလီယိုကာကွယ်ဆေးကဲ့သို့ အာနိသင်ရှိသောဓာတ်များကို ထုတ်လုပ်ပေးသည်။ ၎င်းပရိုတိန်းဓာတ်များသည် လူ့ခန္ဓာကိုယ်သွေးထဲတွင် ဖြစ်ပေါ်တတ်သည့် ရောဂါပိုးကို ကာကွယ်ပေးသော ပဋိပစ္စည်းများကို ချက်ချင်းဖန်တီးပေးသဖြင့် ဗိုင်းရပ်စ်ပိုးများကို ချေဖျက်ဖျက်ဆီးပစ်နိုင်သည်ဟု ဆိုသည်။

အကျိုးအမြတ်ရှိ

မျိုးရိုးဗီဇပြောင်းလဲထားသော ခရမ်းချဉ်သီးသည် ယင်းရောဂါနှစ်မျိုးကို ကာကွယ်ပေးသောကြောင့် ဆင်းရဲသော နိုင်ငံများအတွက် ကြီးမားသော အကျိုးအမြတ်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းခရမ်းချဉ်သီးကို တီထွင်ဖန်တီးလိုက်သည့် ရည်ရွယ်ချက်မှာ နိုင်ငံများစွာ၌ အလွယ်တကူပျံ့နှံ့ကူးစက်နိုင်သော အိပ်ချ်အိုင်ဗွီနှင့် အသည်းရောင်ဘီရောဂါကို အဖြစ်နိုင်ဆုံး ကာကွယ်သွားရန်ဖြစ်ကြောင်း ယင်းသုတေသနပညာရှင်များက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်လွှတ်တင်ရန် ရာသီဥတုအခြေအနေကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရ

ဝါရှင်တန် ဇူလိုင် ၂

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်ကနေဒီ အာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ဒစ္စကာဗာရီ အာကာသယာဉ် (အောက်ပုံ)**အား ဇူလိုင် ၁ ရက်နေ့တွင် လွှတ်တင်ရန် စီစဉ်ထားခြင်းကို ဆိုင်းငံ့ထားလိုက်ရကြောင်း နာဆာအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။**

ရာသီဥတုအခြေအနေကြောင့် ယင်းနေ့တွင် လွှတ်တင်မည့် အစီအစဉ်ကို ဖျက်သိမ်းပစ်ခဲ့ရပြီး ဇူလိုင် ၂ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီ ၂၆ မိနစ်တွင် ရာသီဥတုအခြေအနေကိုကြည့်၍ လွှတ်တင်မည် ဖြစ်ကြောင်း။

ပြောကြား

သို့သော် ရာသီဥတုအခြေအနေသည် ၆၀ရာခိုင်နှုန်းလောက် ကျေနပ်အားရမှု မရှိကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

စောင့်ဆိုင်း

ထို့ကြောင့် ဒစ္စကာဗာရီအာကာသယာဉ်တွင် လိုက်ပါမည့် အာကာသယာဉ်မှူး ခုနစ်ဦးသည် လွှတ်တင်ရန် ခွင့်ပြုမည့် အချိန်ကို စောင့်ဆိုင်းနေကြရသည်။ **(အင်တာနက်)**

ရေနံတင်သင်္ဘောနှင့်ကုန်တင်သင်္ဘော စင်ကာပူတောင်ပိုင်း၌တိုက်မိ

စင်ကာပူ ဇူလိုင် ၂

စင်ကာပူနိုင်ငံတောင်ပိုင်း ကမ်းခြေပေါ်ရှိ စိန့်ဂျွန်ကျွန်းအရှေ့ တောင်ပိုင်းတွင် ဇွန် ၂၉ ရက်ညက ဂရိမှတ်ပုံတင်ထားသည့် အက်ထရိုလူနာအမည်ရှိ ရေနံသင်္ဘောတစ်စင်းနှင့် ပနားမားမှတ်ပုံတင်ထားသော ဗိုင်အမ်အပ်သ်အမည်ရှိ ကုန်သေတ္တာတင်သင်္ဘောတစ်စင်း တိုက်မိခဲ့ကြောင်း နယူးအာရှသတင်းဌာနမှ သောကြာနေ့က ထုတ်ပြန်ခဲ့သည်။

ပြောကြား

သင်္ဘောတိုက်မှုဖြစ်ပွားချိန်တွင် ရေနံတင်သင်္ဘောသည် ရေနံများတင်ဆောင်လာခြင်းမရှိသဖြင့် ရေနံကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် သေဆုံးမှု မရှိကြောင်း စင်ကာပူရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင် (အမ်ပီအေ)မှ ပြောကြားသည်။

စုံစမ်းစစ်ဆေး

(အမ်ပီအေ)အဖွဲ့သည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုရှင်းလင်းရေး ရေယာဉ်တစ်စင်းအား ယင်းအခြေအနေကို စောင့်ကြည့်ရန်အတွက် စေလွှတ်ခဲ့ပြီး တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ကားဗုံးပေါက်၍ ၆၂ဦးသေဆုံး၊ ၁၁၄ ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးရှိ လူစည်ကားရာဈေးကြီး၌ ဇူလိုင် ၁ ရက်က ကားဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၆၂ဦး သေဆုံးပြီး ၁၁၄ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဒေသ၌ ဗုံးပေါက်ကွဲစဉ် မီးခိုးတန်းကြီး ဖြစ်ပေါ်လျက်ရှိပြီး ကောင်းကင်သို့ လွင့်တက်နေကြောင်း ကားအချို့တံခါးပေါက်များ ပြုတ်ကျနေသည်ကို အေပီရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ယင်းပေါက်ကွဲမှုသည် နံနက် ၁၀ နာရီက ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါဒေသ၌ ဈေးဆိုင်အများအပြားလည်း ပျက်စီးသွားကြောင်း ဘဂ္ဂဒက်အရှေ့ပိုင်းရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)**

အေအိုင်ဒီအက်စ်ဆေးဝါးများ အိန္ဒိယ၌အခမဲ့ဖြန့်ဝေပေးမည်

နယူးဒေလီ ဇူလိုင် ၂

အိပ်ချ်အိုင်ဗွီ ကူးစက်ခံရသည့် အိန္ဒိယပြည်သူ တစ်သိန်းခန့်ကို အခမဲ့ဆေးဝါးများ လာမည့်နှစ်ဆန်းပိုင်းတွင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားသည်။

ယင်းဆေးဝါးများကို ၂၀၀၄ခုနှစ်မှစပြီး ပေးနေသည့် အစီအစဉ်အရ ထပ်မံပေးသွားမည်ဖြစ်ကြောင်း၊ ယင်းနှစ်မှစပြီး ထောက်ပံ့နေသော အေအိုင်ဒီအက်စ်ဆေးဝါးများဖြင့် လူနာ ၃၅၀၀၀ ကို ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဩဂုတ်လတွင် လူနာ ၅၀၀၀၀ အား အေအိုင်ဒီအက်စ် ဆေးဝါးများ အခမဲ့ပေးမည်ဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းတွင်လည်း လူနာ ၁၅၀၀၀ အား ထပ်မံ၍ ဆေးဝါးများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် အိပ်ချ်အိုင်ဗွီဖြစ်ပွားသူပေါင်း ၅ ဒသမ ၇ သန်းရှိကြောင်း၊ ကမ္ဘာ့အခြားဒေသများရှိ ပမာဏထက် များပြားနေကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ ကူးစက်ခံရသူ အရေအတွက်မှာ ၅ ဒသမ ၂ သန်းရှိသည်ဟု အိန္ဒိယ အေအိုင်ဒီအက်စ် ထိန်းချုပ်ရေးအဖွဲ့ အကြီးအကဲ ဆူဂျာတာရာအိုက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံရှိ အင်တာနက်ကဖေးတစ်ခု၌ အင်တာနက်သုံးစွဲနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်သည် ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲမှု ဒုတိယအကြီးဆုံးနိုင်ငံဖြစ်လာ

ပေကျင်း ဇူလိုင် ၂

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသော တရုတ်နိုင်ငံသည် အင်တာနက်သုံးစွဲမှုတွင်လည်း ကမ္ဘာ့ဒုတိယအများဆုံး နိုင်ငံဖြစ်လာနေပြီဖြစ်သည်။

တရုတ်နိုင်ငံရှိ လူငယ်အများ အပြားသည် တရုတ်နိုင်ငံမြို့ကြီးများဖြစ်သော ပေကျင်း၊ ရှန်ဟိုင်း၊ နန်နင်းစသည့်မြို့များရှိအင်တာနက် ကဖေးများတွင် နေ့စဉ်လာရောက်ပြီး အင်တာနက်အသုံးပြုလျက်ရှိရာ အချိန်တိုင်း ပြည့်ကျပ်လျက်ရှိနေသည်။

တရုတ်နိုင်ငံတွင် ယခုအခါ အင်တာနက်သုံးစွဲသူအရေအတွက် နေ့စဉ်များပြားလာသဖြင့် ရှန်ဟိုင်းမြို့တွင် ဘိုင်ဒူအင်တာနက်လုပ်ငန်းက တရုတ်နိုင်ငံ၏ အကြီးမားဆုံးအင်တာနက်ဝန်ဆောင်မှု အဆောက်အအုံကြီး တည်ဆောက်ကာ တရုတ်လူငယ်များ၏ အင်တာနက်သုံးစွဲမှု ပိုမိုအစဉ်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ဒုတိယအများဆုံး

ဘိုင်ဒူ အင်တာနက်လုပ်ငန်းအနေဖြင့် ယခုနှစ်ပထမသုံးလတာအတွင်း ကွန်ပျူတာ ရောင်းချရမှုနှင့် အင်တာနက် ဝန်ဆောင်မှုများတွင် အကျိုးအမြတ်များရရှိခဲ့ရာ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံသည် ဒုတိယအကြီးမားဆုံး အွန်လိုင်းဈေးကွက် ဖြစ်လာကြောင်း ပြောကြားသည်။

ထို့ပြင် အမေရိကန်နိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက် ဒုတိယအများဆုံး အသုံးပြုသည့်နိုင်ငံဖြစ်ရာ တရုတ်လူဦးရေ ၁၁၁သန်းသည် အင်တာနက်အသုံးပြု သူများဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

ဇင်ဘာဘွေလေယာဉ် စက်ချွတ်ယွင်း၍ အရေးပေါ် ဆင်းသက်ခဲ့ရ

ဟာရာရေး ဇူလိုင် ၂

အဲယားဇင်ဘာဘွေလေယာဉ် တစ်စင်း စက်ချွတ်ယွင်းမှုကြောင့် ဗစ်တိုးရီးယား ရေတံခွန်အပန်းဖြေမြို့၌ အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း ဇွန် ၂၉ရက်က ဟာရာရေး သတင်းစာတွင် ဖော်ပြထားသည်။

အရေးပေါ်ဆင်းသက်

ဗစ်တိုးရီးယားရေတံခွန် အပန်းဖြေမြို့သို့ အမ်အေ-၆၀ လေယာဉ်သည် အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း၊ သို့သော် ဒဏ်ရာရရှိသူမရှိကြောင်း ဟာရာရေးသတင်းစာတွင် ပါရှိသည်။ သို့သော် ထိုင်ခုံ ၆၀ပါ တရုတ်နိုင်ငံလုပ် ယင်းလေယာဉ်သည် ဗုဒ္ဓဟူးနေ့က အရေးပေါ်ဆင်းသက်စဉ် ဘီးနှစ်လုံး ပေါက်သွားခဲ့သည်။

တရုတ်နိုင်ငံသည် အနောက်နိုင်ငံများနှင့် မူဝါဒကွဲပြားခြားနားနေချိန်တွင် ဇမ်ဘီယာနိုင်ငံအစိုးရသည် အာရှနှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သောကြောင့် ဇင်ဘာဘွေနိုင်ငံသည် တရုတ်နိုင်ငံမှ အမ်အေ-၆၀ လေယာဉ်သုံးစင်းနှင့် ဂျက်တိုက်လေယာဉ်များကို ရရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဗန်ကောက်၌ ယာဉ်လေးစီးတိုက်

ဗန်ကောက် ဇူလိုင် ၂

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း နာကွန်ရက်ချာစီမား ပြည်နယ်တွင် ဇွန်၃၀ရက်က ဘတ်စ်ကားသုံးစီးနှင့် ပစ်ကပ်ကားတစ်စီး တိုက်မိသဖြင့် လေးဦးသေဆုံးပြီး ၆၄ ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းယာဉ်တိုက်မှုသည် ၎င်းပြည်နယ်၏ စီးချူးဒေသတွင် နံနက် ၁နာရီ မိနစ်၅၀က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားရခြင်းသည် အလင်းရောင် မှိန်ခြင်းနှင့် လမ်းသင်္ကေတ ဆိုင်းဘုတ်များ ချို့တဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းနေရာကို ပြင်ဆင်ရန်အတွက် ပိတ်ထားလိုက်ကြောင်း၊ ခရီးသည်တင်ဘတ်စ်ကားတစ်စီးကရပ်ထားသော ပစ်ကပ်ကားကို ဝင်ရောက်တိုက်မိပြီး အခြားဘတ်စ်ကားနှစ်စီးကိုလည်း ထပ်ဆင့်တိုက်မိခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်သိပ္ပံပညာရှင်များ ကောက်ရိုးမှ ဇီဝလောင်စာဆီထုတ်လုပ်နိုင်ပြီ

ဟီဖိုင် ဇူလိုင် ၂

တရုတ်သိပ္ပံနှင့်နည်းပညာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကောက်ပဲသီးနှံအညှာရိုးတံများ၊ လွှစာမှုန်များနှင့် ကောက်ရိုးမြက်ခြောက်များကို ပြောင်းလဲကာ ဇီဝလောင်စာဆီထုတ်လုပ်ခြင်းဖြင့် ကုန်ကျမှုတန်ဖိုးကို လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းတို့ကဇွန်လ ၂၈ရက်တွင် ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ နည်းပညာဖြင့် ထုတ်လုပ်လိုက်သော အဆိုပါဇီဝလောင်စာဆီသည် ဒီဇယ်ဆီထက် ၅၆ ဒသမ ၈ ရာခိုင်နှုန်း ဈေးသက်သာပြီး ဆီကြမ်းထက်လည်း ၃၉ ဒသမ ၁ ရာခိုင်နှုန်းသက်သာကြောင်း အင်ဟိုင်းပြည်နယ်ဆေးရုံရှိ အလေးချိန် ပမာဏသန့်ရှင်းရေးစွမ်းအင် ဓာတ်ခွဲခန်းဆိုင်ရာ ပါမောက္ခ ဂူယိုကျင်ဆင်က ပြောကြားသည်။

လွှစာမှုန် ၁၀ ကီလိုမှ ဇီဝဆီ ၆ကီလိုထုတ်ယူနိုင်ပြီး ကောက်ပဲသီးနှံရိုးတံညှာများမှ ဇီဝလောင်စာဆီ ၅ ကီလိုအထိလည်းကောင်း၊ ထုတ်လုပ်နိုင်ခဲ့သည့် အဆိုပါ နည်းပညာကို ပြည်နယ်သိပ္ပံနှင့်နည်း ပညာဌာနက စမ်းသပ်အောင်မြင်ခဲ့ကြောင်း မစ္စတာ ဂူယိုက ပြောကြားသည်။

တရုတ်ဓာတ်ခွဲခန်းတွင် ဇီဝဆီတစ်တန်ထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၁၀၀ ခန့်သာလျှင် ကုန်ကျကြောင်း၊ ဓာတ်ခွဲခန်းတွင် တစ်နာရီလျှင် အလေးချိန်ပမာဏ ၁၂၀ ကီလိုအထိ ထုတ်နိုင်သော စက်ကိုလည်း တီထွင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နှစ်စဉ် ထွန်ယက်စိုက်ပျိုးမှုမှ ရရှိသည့် အညှာရိုးတံများ၊ ကောက်ရိုးမြက်ခြောက်များမှာ တန်ချိန်သန်း ၇၀၀ ကျော် ရှိကြောင်း၊ ၎င်းတို့ကို မီးရှို့ပစ်လေ့ရှိကြောင်း၊ ထို့ကြောင့်လည်း လေထုညစ်ညမ်းရုံသာမက စွမ်းအင်လည်းများစွာ ဆုံးရှုံးခဲ့ရကြောင်း မစ္စတာဂူယိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆေးခြောက်ပင် ၇၃၀၀ခန့် အယ်လ်ဘေးနီးယား၌ ဖျက်ဆီး

တီရာနာ ဇူလိုင် ၂

အယ်လ်ဘေးနီးယားနိုင်ငံ မြောက်ပိုင်းရှိ ဆေးခြောက်ပင် ၇၃၀၀ခန့်ကို အယ်လ်ဘေးနီးယားရဲတပ်ဖွဲ့က ဇွန် ၂၈ရက်က ဖျက်ဆီးပစ်ခဲ့ကြောင်း ဒေသခံမီဒီယာက ဖော်ပြသည်။

တွေ့ရှိ

အဆိုပါ ဆေးခြောက်ပင်များကို တီရာနာမြို့တော်၏ မြောက်ဘက် ကီလိုမီတာ ၁၁၀ခန့်အကွာ ဘီနီကျေးရွာ၌ ဇွန် ၂၇ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

အဆိုပါဒေသမှာပင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကလည်း ဆေးခြောက်ပင် ၁၄၅၀၀ကို မိမိတို့ ဖျက်ဆီးပစ်ခဲ့သေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အက်ရီယာတစ်ပင်လယ်ပေါ်ရှိ အယ်လ်ဘေးနီးယား ဆိပ်ကမ်းများ၊ စိမ့်ဝင်နိုင်သည့် နယ်စပ်ဒေသများ၊ ငွေကြေးချို့တဲ့သည့် နယ်စပ်ထိန်းချုပ်မှုများသည် အနောက်ဥရောပသို့ မူးယစ်ဆေးဝါးများ တင်ပို့သူများ အတွက် မှောင်ခိုလမ်းကြောင်းများအဖြစ် စိတ်ဝင်စားစေခဲ့သည်။

အတည်ပြု

ယခုလ စောစောပိုင်းက အယ်လ်ဘေးနီးယားပါလီမန်သည် ဆေးခြောက်ပင် ဖျက်ဆီးရေးတွင် ရဲတပ်ဖွဲ့က ပူးပေါင်းဆောင်ရွက်ပေးရန် ဒေသအာဏာပိုင်များက တောင်းဆိုထားသည့် ဆေးခြောက်တိုက်ဖျက်ရေး ဥပဒေကို အတည်ပြုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မျက်လုံးအတွင်းမှ နို့များညှစ်ထုတ်ပြသူ

မျက်လုံးအတွင်းမှ နို့များ ထွက်အောင် ညှစ်ထုတ်ပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်သားတစ်ဦးဖြစ်သည့် ကျန်ယင်မင်ဆိုသူသည် တရုတ်နိုင်ငံ နန်နင်းမြို့ လမ်းတစ်လမ်းပေါ်တွင် သူ၏မျက်လုံးအတွင်းမှ နို့များကို ညှစ်ထုတ်ပြနိုင်ခဲ့ကြောင်း၊ ထို့အပြင် နှာခေါင်းအတွင်းမှလည်း နို့များပန်းထွက်အောင် ပြုလုပ်ပြနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ ခရီးမိုင်အဝေးဆုံးပို့သည့် ပီဇာမုန့်

ကမ္ဘာပေါ်တွင် ခရီးမိုင်အဝေးဆုံးပို့ပေးသည့် ပီဇာမုန့်ကို ပြသနေစဉ်။ (ဝဲပုံ)

ဩစတြေးလျနိုင်ငံသား ရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သူ ပေါလ်ဖီနစ်သည် အသားငါး အသီးအရွက်များဖြင့် ပေါင်းစပ်ပြုလုပ်ထားသော ပီဇာမုန့်တစ်ခုကို ဩစတြေးလျမှ နယူးဇီလန်နိုင်ငံသို့ သုံးရက်တာခရီး အကွာအဝေးမိုင်ပေါင်း ၁၂၅၀၀ကို လေယာဉ်ဖြင့် ယူဆောင်ကာ ပေးပို့ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ခရီးမိုင်အဝေးဆုံး ပေးပို့နိုင်သည့် ပီဇာမုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။

(အင်တာနက်)

3-7 (05).p65 1 1/5/32, 10:47 PM

● ရှေ့ဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်များ၊ စာပေပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့်လေ့လာသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ည ၆နာရီ မိနစ် ၂၀ တွင် ကရဝိက်နန်းတော်သို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) နှင့် ဗဟိုအမှုဆောင်များ၊ စာပေပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညစာစားပွဲ မစတင်မီ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ညစာသုံးဆောင်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် ညစာသုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ညွှန့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဘယ်လာရုစ်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၀၆ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂေး၊ နီကိုလေဗစ်(ချ်) မာတီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ဝတ်စုံများပေးအပ်

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူး၏ဇနီး ကချင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေတို့ ဇွန် ၂၃ရက်က မိုးညှင်းမြို့ မေတ္တာရှင် မူလတန်းကြိုကျောင်း ကလေးငယ်များ ဝတ်စုံအတွက် အထည်စများပေးအပ်ရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်ယဉ်မင်းထွန်း လက်ခံယူစဉ်။ (၁၅၂)

မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ ဖြည့်တင်းရာ၌ ပိုမိုမြန်ဆန်ရေး CNG အရောင်းဆိုင်အသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ပေးနေ

ရန်ကုန် ဇူလိုင် ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အသစ် တည်ဆောက်နေမှုလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ (CNG)ဦးသိန်းဌေးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ စက်ပစ္စည်းများရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ဖြည့်တင်းရာတွင် ပိုမိုမြန်ဆန် ချောမွေ့စေရန်အတွက် သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်အသစ်များကို ထပ်မံတိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်းနှင့် သတ်မှတ်ရက်ထက် စောနိုင်သမျှစော၍ ဖွင့်လှစ်ရောင်းချပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် CNG ဆလင်ဒါအိုးများ တပ်ဆင်နေမှု၊ Compressor များ တပ်ဆင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နည်းပညာပိုင်းတွင် စိတ်ချသေချာအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၂၀၆)သို့ သွားရောက်၍ စက်သုံးဆီ ရောင်းချနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အခြင်အတွယ် မှန်ကန်စေရေးအထူးဂရုစိုက်ဆောင်ရွက်ကြရန် မှာကြားကာ စက်သုံးဆီ လာရောက်ထုတ်ယူကြသော မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အင်းစိန်)သို့ ရောက်ရှိ၍ ရေနံဓာတ်ငွေ့ရည် ဖြည့်တင်းမှုနှင့် ရောင်းချမှုအခြေအနေနှင့် သိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မသမာမှု ပပျောက်စေရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ပြည်သူတို့နှင့် ဆက်ဆံရေးပြေပြစ်ကောင်းမွန်စေရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန်၂၃ရက် နေ့လယ်ပိုင်းက မန္တလေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြပ်မတ်ဆောင်ရွက်

ရေးဦးစွာ တပ်ကုန်းမြို့နယ် ကင်းသာရွာအနီး လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက တိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ဆောင်ရွက်ရမည့်အခြေအနေ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ စက်ယန္တရားဖြန့်ဝေမှုများကို မြေပုံဖြင့်ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က အပိုင်းလိုက် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ ရာသီဥတုအခြေအနေပေးမှုအပေါ် အခွင့်ကောင်းယူ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ စက်ယန္တရားများအား စက်သုံးဆီမှန်ကန်စွာဖြင့် အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ရမည်းသင်းမြို့နယ် ကျီစုရွာအနီး လုပ်ငန်းခွင်တွင် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် မြေသားလမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် သာစည်မြို့နယ် လှိုင်းတက်ရွာနှင့် ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ ထိန်ကန်ရွာကြီးအနီးတွင် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် မြေသားလမ်း ဖောက်လုပ်မှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အလေးထား

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်မြို့နယ်မြင်းတွင်း၊ သင်္ဂတုန်ရွာအနီး ကျောက်ချောခင်းရန် ကျောက်စုဆောင်ထားမှု၊ သံရွာအနီး တည်ဆောက်နေသည့် ဇော်ဂျီမြစ်ကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ သံရွာတံတားမှာ အရှည်ပေ၁၈၀၊ အကျယ်ပေ၃၀ရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်ငန်းအပ်စနစ်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ရာ တံတား ရေရှည်ခိုင်ခံ့ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

မန္တလေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှာ ပုသိမ်ကြီးမြို့နယ် ရွှေစာရံမှ လယ်ဝေးမြို့နယ် သစ်ကြိမ်းရွာအထိ စုစုပေါင်းမိုင်အရှည် ၂၁၃မိုင် နှစ်ဖာလုံရှိ ကတ္တရာလမ်း သုံးမိုင်၊ ကျောက်ချောလမ်း သုံးမိုင်၊ မြေသားလမ်း ၈၉မိုင် သုံးဖာလုံ ဆောင်ရွက်ပြီးဖြစ်ကြောင်းသိရသည်။ မန္တလေးတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိသော မြေသားလမ်း၂၆မိုင် သုံးဖာလုံ၊ ကျောက်ချောလမ်း ၂၃မိုင် တစ်ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

အလုပ်ဖိစီးမှုသည် သွေးတိုးနှင့် နှလုံးရောဂါဖြစ်မှုပိုများ

ဉာဏအလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်တွင် အလုပ်ဖိစီးမှုများပါက သွေးပေါင်ချိန်မြင့်မားကာ သွေးတိုးရောဂါဖြစ်ပွားနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

အလုပ်များပြားမှု၊ အရေးပေါ် လုပ်ငန်းဆောင်ရွက်ရမှုနှင့်လုပ်ငန်းခွင်၌ လိုအပ်သည့်ပံ့ပိုးမှုများ ဖြည့်ဆည်းပေးရာတွင် အားနည်းမှုများ အဆက်မပြတ်ဖြစ်လာပါက ထိုသူများသည်စိတ်ဖိစီးမှုများပြားကာ သွေးတိုး ရောဂါခံစားရသူများဖြစ်လာကြကြောင်း ကနေဒါနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တွေ့ရှိချက်

ယခုကဲ့သို့ ပြောကြားမှုမှာ ကနေဒါနိုင်ငံလာဗယ်တက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ဉာဏလုပ်သား ၆၇၁၉ဦးကို ခုနစ်နှစ်ကျော်ကြာ လေ့လာသုတေသနပြုခဲ့ခြင်းမှရရှိခဲ့သောတွေ့ရှိချက်ဖြစ်ကြောင်း သိရသည်။

ထိုသို့သော လုပ်ငန်းခွင်ဆိုင်ရာ အခက်အခဲများကို ရှောင်လွှဲနိုင်ခဲ့လျှင် သွေးတိုးရောဂါဖြစ်ပွားမှုနှင့်အခြားသော ဆက်စပ်ရောဂါများဖြစ်ပွားမှုမှ ကင်းဝေးမည်ဟုလည်း ၎င်းတို့ကပြောကြားသည်။

ပိုမိုအခွင့်သာ

လုပ်ငန်းခွင်၌ စိတ်ဖိစီးမှုများသော ဉာဏအလုပ်သမားများသည် နှလုံးရောဂါဖြစ်ပွားမှုများ၊ စိတ်ကျရောဂါဖြစ်ပွားခြင်းများအပါအဝင် အခြား ကျန်းမာရေးဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အများအားဖြင့် နှလုံးရောဂါနှင့်လေဖြတ်ခြင်းများဖြစ်ပွားရန်ပိုမိုအခွင့်သာစေကြောင်းလည်း သုတေသနပညာရှင်များကပြောကြားသည်။ (ကိုးကား-အင်တာနက်)

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထား

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမဏ္ဍပ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များကြွရောက်တော်မူကြပြီး အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (စီမံ) ဒေါက်တာ မြင့်ကြည်၊ သာသနာရေး ဦးစီးဌာန နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူသည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီသတ္တရသမ အစည်း အဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ထမြောက်အောင်မြင်

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးမြို့မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရကအစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရက တင်သွင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များ ဖြစ်တော်မူကြသော အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒသိရီတို့က လည်းကောင်း၊ သာသနာရေးဆိုင်ရာဆောင်ရွက်ချက် အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ရှမ်းပြည်နယ် ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်း ဆရာတော် ဘဒ္ဒန္တ သောဘိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စစ်ကိုင်းတိုင်း မင်းကင်းမြို့ ကန်တော်ပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသတို့က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက် အစီရင်ခံစာကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းကျောင်းဆရာတော်ဘဒ္ဒန္တသုမင်္ဂလနှင့် အဂ္ဂမဟာပဏ္ဍိတ မန္တလေးတိုင်း မိတ္ထီလာမြို့ ရွှေဘုံသာကျောင်း မြို့ရှေ့တိုက်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယတို့က ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဆရာတော် များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီသတ္တရသမအစည်းအဝေး သို့ကြွရောက်တော်မူလာကြသောဆရာတော်များအား ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂၃)ကျောင်းလမ်း မြေနီကုန်းနေဦးကြည်ညွန့်(ဒုတိယဝန်ကြီး၊ အငြိမ်းစား)-ဒေါ်အေးမြင့် မိသားစုတို့က ယနေ့တွင် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည်။**(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရဟန်းဒါယကာ ဦးတင်မြင့်ဦး-ရဟန်းမယ်တော် ဒေါ်စောကြည်၊ သား ဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း(ကြည်ကြည် သစ်စက်မိသားစု)တို့က အလှူငွေ ကျပ် ၅၅သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာ ဘိဝံသ အမှူးပြုသော စမ်းချောင်းမြို့နယ် လယ်တီမူ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဝါကပ်တော်မူကြသော သံဃာတော် အပါး၈၀ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (၉၇)ကြိမ်မြောက် လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်းကိုဝါဆိုလပြည့် (ဇူလိုင်၉ ရက်)ညနေတွင် ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၅၃၄၃၂၉သို့ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မဇ္ဈိမဂုဏ်ရည် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂

သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီးတွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒအရှင်မြတ်နှင့် သံဃာတော်များ၊ ပင့်သံဃာအရှင်မြတ်များအား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင်၉ရက်)တနင်္ဂနွေနေ့မွန်းလွဲ ၂နာရီတွင် ရိပ်သာရှိမွေဖိမာန်တော်ကြီးတွင်ကျင်းပမည်ဖြစ်သည်။ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပြီး ဝါတွင်းကာလ ဥပုသ်နေ့တိုင်း နံနက်၇နာရီမှ ညနေ ၅နာရီအထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃-၇-၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၁၅ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်

၈:၂၅ ၈။ နဂါးရေလှောင်တမံ

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Grammar made Easy

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ)(ရုက္ခဗေဒ)

၁၇:၁၅ ၆။ အကပဒေသာ

၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား

၁၇:၃၅ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ အဆိုအကများ

၁၇:၄၀ ၉။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁)ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)

၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၁၈:၀၀ ၁၁။ ညနေခင်းသတင်း

၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၃။ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြပွဲ

၁၈:၄၅ ၁၄။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်

၁၉:၀၀ ၁၅။ "မြန်မာမလေးတွေ မြန်မာလိုလှစေချင်"

၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင် နံနက်ခင်း"** (အပိုင်း-၅)

၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၇)

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့စတုတ္ထအကြိမ်ညီလာခံအောင်မြင်စွာပြီးစီး အဖွဲ့ဥက္ကဋ္ဌနှင့်ဗဟိုအမှုဆောင်အသစ်များရွေးချယ်တင်မြှောက်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံနောက်ဆုံးနေ့ အစီအစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ အောင်မြင်စွာကျင်းပပြီးစီးပြီး မွန်းလွဲပိုင်းတွင် စတုတ္ထအကြိမ်ညီလာခံသက်တမ်းအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အသစ်များအား ရွေးချယ်တင်မြှောက်ကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း စတုတ္ထအကြိမ်ညီလာခံ ကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်သည်။

မိတ်ဆက်စကား ပြောကြား

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ သက်တမ်းအတွက် ရွေးချယ်တင်မြှောက်လိုက်သည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) မိတ်ဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

စတုတ္ထအကြိမ် ညီလာခံနောက်ဆုံးနေ့သို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူး၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။



စတုတ္ထအကြိမ် ညီလာခံနောက်ဆုံးနေ့ နံနက်ပိုင်းတွင် အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)၊ ဦးစိန်ညွန့် (မောင်နေမျိုး)၊ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)၊ ဦးကျော်စိန် (ကျော်ကျော်)၊ ဦးဘုန်းမြင့်(ပြည်ဘုန်းမြင့်)နှင့် ဦးမန်းသင့်မော် (ရွှေမြိုင်တင့်မော်)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးခင်ဆွေ (ရွှေစွန်ညို) က ဆောင်ရွက်သည်။

တင်ပြပြီး သဘာပတိက ညီလာခံကိုယ်စားလှယ်များထံမှ သဘောတူညီချက်ရယူရာ ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း သဘောတူညီကြသဖြင့် အတည်ပြုကြောင်း ကြေညာပြီး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များက မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က တတိယအကြိမ်ညီလာခံ သက်တမ်းမှ ဗဟိုအမှုဆောင်ကော်မတီဝင်များ နုတ်ထွက်ကြောင်း ကြေညာပြီး ညီလာခံနံနက်ပိုင်းအစီအစဉ်များ ရပ်နားလိုက်သည်။

မြန်မာ စာပေနှင့် စာ နယ် ဇင်း လုပ်ငန်းများ နိုင်ငံတကာအဆင့်မီရေး စာတမ်းကိုဗဟိုအမှုဆောင် ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်) တင်ပြစဉ်။(သတင်းစဉ်)

ရွေးချယ်တင်မြှောက်

ယင်းနောက် စတုတ္ထအကြိမ် ညီလာခံနောက်ဆုံးနေ့ မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ၁၂နာရီခွဲတွင် ဆက်လက်ကျင်းပရာ စတုတ္ထအကြိမ် ညီလာခံ သက်တမ်းအတွက် ဗဟိုအမှုဆောင်ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပသည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲတွင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသော ဦးတင်ဝင်း (ပျဉ်းမနားမောင်နီသင်း)၊ ဦးလွန်းမောင်(ဦးလွန်းမောင်)၊ ဒေါက်တာ မျိုးသန့်တင် (ဒေါက်တာမျိုးသန့်တင်)၊ ဦးဘသန်း(ဦးဘသန်း–မဟာဝိဇ္ဇာ)၊ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)နှင့် ဦးကြည်ထွဏ်း(ထန်လှိုင်)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးအေးချို (ဦးအေးချို–မဟာဝိဇ္ဇာ)က ဆောင်ရွက်သည်။

မြန်မာနိုင်ငံစာပေနှင့် စာ နယ် ဇင်း အဖွဲ့စတုတ္ထအကြိမ် ညီလာခံ ဆုံးဖြတ်ချက်များကို နံနက်ပိုင်း သဘာပတိ ဒေါက်တာခင်မောင်ညွန့် ဖတ်ကြား အတည်ပြုစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌက ဗဟိုအမှုဆောင်ကော်မတီဝင် အသစ်များ ရွေးချယ်ရန်အတွက် ဆန္ဒပြုပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဒုတိယနေ့ နေ့လယ်ပိုင်း သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

ရွေးဦးစွာ အခမ်းအနားမှူးက ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၈၈ဦးရှိသည့် အနက် ၁၇၂ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၁ဒသမ၈ ရာခိုင်နှုန်းရှိ၍ ညီလာခံအထမြောက်ကြောင်း ကြေညာသည်။

နိုင်ငံတော် ရှေ့ဆက် သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသား ပြည်သူများ နှင့်အတူ မြန်မာ နိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဝင်များက ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးစာတမ်းကို ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သန်း) တင်ပြစဉ်။ (သတင်းစဉ်)

ထောက်ခံဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သန်း)က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များက ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးစာတမ်းကို လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က မြန်မာစာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ နိုင်ငံတကာအဆင့်မီရေးစာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြရာ ညီလာခံကိုယ်စားလှယ် ဒေါက်တာမြင့်သန်း (ဒေါက်တာမြင့်သန်း–ညောင်လေးပင်)က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားမှူးက စတုတ္ထအကြိမ်ညီလာခံဆုံးဖြတ်ချက်ငါးရပ်၊ အတည်ပြုချက်သုံးရပ်နှင့် မှတ်တမ်းတင်ခြင်းငါးရပ်တို့ကို ဖတ်ကြား

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံသို့ ဖတ်ကြားတင်သွင်းသော စာတမ်းနှစ်စောင်ကို ညောင်လေးပင်မြို့နယ်မှ ညီလာခံကိုယ်စားလှယ်ဒေါက်တာမြင့်သန်းထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် ညီလာခံသက်တမ်းအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များ ကတိသစ္စာခံယူကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ညီလာခံကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးစနစ်ဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင် အသစ်များကို မဲပေးရွေးချယ်ကြပြီး အခမ်းအနားမှူးက ရွေးချယ်တင်မြှောက်ပွဲပြီးစီးမှုအခြေအနေကို ကြေညာကာ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ သဘာပတိက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၃၀၏အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

တာဝန်ခွဲဝေသတ်မှတ်

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင်သစ်များညှိနှိုင်းအစည်းအဝေးကိုကျင်းပကြပြီး တာဝန်ခွဲဝေသတ်မှတ်ကြသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ သဘာပတိက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) ပါဝင်သော ဗဟိုအမှုဆောင်ကော်မတီဝင်များ တာဝန်ခွဲဝေသတ်မှတ်မှုများကို ဖတ်ကြားကြေညာသည်။

ကတိသစ္စာခံယူ

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များသည် ကတိသစ္စာများကို ခံယူကြသည်။

ထို့နောက်စတုတ္ထအကြိမ်ညီလာခံနောက်ဆုံးနေ့ ညနေပိုင်းအစီအစဉ်များကို ညနေ၄နာရီခွဲတွင် ဆက်လက်ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်)၊ ဦးမြင့်မောင်(ရန်ကုန်-ကိုမြင့်)၊ဦးမြင့်ဦး (ဖြူး-မြင့်ဦး)၊ဦးချစ်ခင်(မောင်ချစ်ခင်-မြိုင်)၊ ဦးကြီးစိန်(ရွှေညာမောင်ကြီး-မြစ်ငယ်)နှင့် ဦးကျော်သန်း (လွမ်းပြေအောင်-စစ်တွေ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ဆောင်ရွက်သည်။

မိတ်ဆက်စကားပြောကြား

ယင်းနောက် စတုတ္ထအကြိမ်ညီလာခံသက်တမ်းအတွက် ရွေးချယ်တင်မြှောက်လိုက်သည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် သဘာပတိ ဦးတင်ခ (တက္ကသိုလ်တင်ခ)က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် ကြွေးကြော်ကြကာ စတုတ္ထအကြိမ်ညီလာခံ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ညီလာခံအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အသစ်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်အသစ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ခေါင်းဆောင်များ အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး) သင်တန်းသူများအား အားပေးစကားပြောကြား

ရန်ကုန် ဇူလိုင် ၂

၂၀၀၆ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့"ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးငယ်ရွယ် အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)သို့ သွားရောက်၍ သင်တန်းသူများအား နှစ်သိမ့်အားပေးစကားများ ပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ကျောင်းအုပ်ကြီးခန့်မ ဒေါ်သန်းငွေက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန၏ လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းနိုင်က ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က သင်တန်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း၊ မြန်မာအမျိုးသမီးများနေ့အကြောင်းနှင့် တစ်ကိုယ်ရေ ကျန်းမာရေး၊ အာဟာရပြည့်မီစွာ စနစ်တကျ စားသောက်နေထိုင်ရေးနှင့် HIV, AIDS ရောဂါအကြောင်း ပညာပေးဟောပြောပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မအိသက်သက်ဆွေက မွေးနေ့အလှူအတွက် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး) သင်တန်းသူများအတွက် စုစုပေါင်းငွေကျပ် ၂၅၆၀၀၀ တန်ဖိုးရှိ တစ်နေ့တာ စားစရိတ်အလှူငွေ၊ မုန့်များနှင့် ညှပ်ဖိနပ်များကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်သန်းငွေနှင့် ကျောင်းသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာပေးဟောပြော

"မြန်မာအမျိုးသမီးများနေ့"ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ ရန်ကုန်တိုင်း တွံတေးမြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)တွင် သင်တန်းသူများအား ပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

ဒေသခံတိုင်းရင်းသူများအား လူမှောင်ခိုကုန်ကူးမှုမှကင်းဝေးရန် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဝိုင်းဝန်းတားဆီးကာကွယ် လူမှုဘဝမြင့်မားတိုးတက်ပြီး မှန်ကန်သောတွေးခေါ်မှုရှိစေရန်လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဇူလိုင် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှသည် ဇွန်၉ရက်တွင် မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့သို့ရောက်ရှိ၍ စုပေါင်းအစည်းအဝေးခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံတိုင်းရင်းသူ အမျိုးသမီးငယ်များအား တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက အမှာစကားပြောကြားရာတွင် ပုံပါကျင်မြို့သည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် နယ်စပ်မြို့ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသူ အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်းမှု၊ လူမှောင်ခိုကုန်ကူးမှုများမှ ကင်းဝေးရန် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဝိုင်းဝန်းတားဆီးကာကွယ်သွားရန်လိုကြောင်း၊ ဒေသခံတိုင်းရင်းသူ အမျိုးသမီးငယ်များ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားတိုးတက်ပြီး မှန်ကန်သော တွေးခေါ်ဆုံးဖြတ်မှုများ ရှိစေရေးကို လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး ကိစ္စရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် နည်းပေးလမ်းပြ ဆောင်ရွက်ပေးရန် ဖွဲ့စည်းထားသော အသင်းအဖွဲ့များဖြစ်ကြောင်း၊ သို့ဖြစ်၍ အသင်းဝင်၊ အဖွဲ့ဝင်များအနေဖြင့် အသင်းအဖွဲ့၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်အထိ ကွင်းဆင်း၍ ပညာပေးစည်းရုံးလုပ်ဆောင်ကြရန်လိုကြောင်း၊ အသင်းဝင်၊ အဖွဲ့ဝင်အင်အား တိုးပွားရေးနှင့် အရည်အချင်းပြည့်ဝသော အသင်းဝင်၊ အဖွဲ့ဝင်များ ဖြစ်ရေးအတွက် အသင်း၊ အဖွဲ့အလိုက် ဆင့်ပွားသင်တန်းများ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ဒေသခံ တိုင်းရင်းသူ အမျိုးသမီးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရင်သွေးငယ်များ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးအတွက် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအနေဖြင့် စိတ်ရင်းစေတနာကောင်းထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆုချီးမြှင့်

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ ကျိုင်းတုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ရိန်က HIV/AIDS ရောဂါအကြောင်း သိကောင်းစရာများနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဇင်မာဦးက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရေးဆိုင်များကို လည်းကောင်း အသီးသီး ဆွေးနွေးပို့ချကြပြီး တက်ရောက်လာကြသူများအား နားလည်တတ်သိမှု ဆန်းစစ်ခြင်း အမေးအဖြေများ ပြုလုပ်၍ အဖြေမှန်သူများအား ဆုငွေများကို ချီးမြှင့်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးရွှေမင်းနှင့် လူမှုရေးအသင်းအဖွဲ့များက မင်းဓမ္မလမ်းရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းတွင် အပင်များရှင်သန်ရေးအတွက် ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမာ တို့က ကြည့်ရှုအားပေးကြစဉ်။ (က-ပ)

အိမ်ကွင်းအားသာချက်နှင့် ဂျာမနီ ဗိုလ်လုပွဲအထိ ခရီးဆက်နိုင်မှာလား အပြာရောင်အီတလီ ခြေစွမ်းအမှန်ကို မှတ်ကျောက်တင်ခံရမည်

ရန်ကုန် ဇူလိုင် ၂

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ဥရောပတိုက်မှ နာမည်ကြီးအသင်းများဖြစ်ကြသော အိမ်ရှင်ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီနှင့် ပြင်သစ်တို့ အကြိုဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ကြပြီဖြစ်သည်။ ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားခဲ့သော နာမည်ကြီးဘရာဇီးအသင်း ပြိုင်ပွဲမှ ထွက်သွားရခြင်းသည် တောင်အာဖရိကတိုက်မှ အသင်းများ ဥရောပမြေ၌ အောင်မြင်မှုမရနိုင်ဟူသော ထင်ကြေးပေးမှုများ မှန်ကန်ခဲ့ပြီဖြစ်သည်။ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော လေးသင်းအနက် မည်သည့်အသင်းပင် ဗိုလ်စွဲသည်ဖြစ်စေ ချန်ပီယံဆုဖလား ဥရောပမြေ၌သာ ခိုနားတော့မည်ဖြစ်သည်။

ပထမအကြိုဗိုလ်လုပွဲ

ဇူလိုင် ၅ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ ပထမ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဥရောပတိုက်မှ ဘောလုံးအင်အားကြီးနိုင်ငံနှစ်ခု အကြိုဗိုလ်လုပွဲစဉ်၌ ဆုံတွေ့ခြင်းဖြစ်ရာ ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ပြိုင်ပွဲမစတင်မီကပင် အိမ်ရှင်ဟူသော အားသာချက်ကို ထည့်တွက်ပြီး ဂျာမနီအသင်း ဗိုလ်လုပွဲအထိ ခရီးဆက်နိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ နာမည်ကြီး သလောက် မြင်းကောင်းခွာလိပ် ဖြစ်လေ့ရှိသော အီတလီအသင်း၏ ခြေစွမ်းအမှန်ကို မှတ်ကျောက်တင်ခံရမည့် ပွဲလည်းဖြစ်သည်။

ဂျာမနီအသင်း

အိမ်ရှင် ဂျာမနီအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ အာဂျင်တီးနားအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။ အာဂျင်တီးနားအသင်း၏ ဦးဆောင်ဂိုးသွင်းယူခြင်းကိုခံရပြီး နောက်မှလိုက်၍ ချေပဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ စုစုပေါင်းမိနစ် ၁၂၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဂိုးစီ သရေပွဲဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရသည်။ ပယ်နယ်တီကန်သွင်းရာတွင် ဂျာမနီအသင်းက လေးဂိုးဝင်ပြီး အာဂျင်တီးနားအသင်းက နှစ်ဂိုးသာ ဝင်သဖြင့် ဂျာမနီအသင်းက စုစုပေါင်း ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပယ်နယ်တီနှစ်ဂိုး ကာကွယ်ပေးနိုင်ခဲ့သော ဂိုးသမား ဂျင်းလေမန်း၏ ရုပ်ပုံကို ဂျာမနီ သတင်းစာများက ခေါင်းကြီးပိုင်း၌ ဖော်ပြ၍ ဂုဏ်ပြုခဲ့ကြသည်။ လေမန်း၏ လက်များသည် ဘုရားပေးသော လက်များဖြစ်ကြောင်း အာဂျင်တီးနား ဂန္ထဝင်ကစားသမား မာရာဒိုနာ၏ ၁၉၈၆ ကမ္ဘာ့ဖလားပွဲက ဘုရားပေးသော လက်အတိုင်းပင်ဖြစ်ကြောင်း ချီးကျူးရေးသားခဲ့ကြသည်။ ဂျင်းလေမန်းက **"ဂိုးသမားတစ်ဦးအနေဖြင့် ပယ်နယ်တီဆိုသည်မှာ ထိတ်လန့်နေစရာ မလိုကြောင်း၊ မိမိအကောင်းဆုံး ကာကွယ်နိုင်ရန် မျှော်လင့်ခဲ့ကြောင်း၊ မိမိ ပယ်နယ်တီ ကာကွယ်နိုင်သည်မှာ မိမိကစားဖော်များက ဦးဆောင်ဂိုး ဝင်အောင်သွင်းနိုင်ခဲ့၍ စိတ်ဓာတ်မြင့်မားပြီး ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့သည်။ ဂျာမနီနည်းပြ ကလင်းစမန်းသည် ယခင်က တာထွက်ဂိုးသမားဖြစ်ခဲ့သော အိုလီဗာခန်း(ဘိုင်ယန်မြူးနစ်)အား အရန်ခုံထိုင်ခိုင်းပြီး ဂျင်းလေမန်း (အာဆင်နယ်)ကို တာထွက်အသင်း၌ နေရာပေးခဲ့ခြင်းမှာ မှန်ကန်ကြောင်း သက်သေပြနိုင်ခဲ့သည်။

ပရိသတ်အားပေးမှု

ဂျာမနီနည်းပြ ကလင်းစမန်းက အာဂျင်တီးနားကို အနိုင်ရရှိပြီးနောက် **"မိမိ၏ပျော်ရွှင်မှုကို မည်သည့်စကားလုံးမျိုးဖြင့် ဖော်ပြရမှန်းပင် မသိတော့ကြောင်း၊ မိမိတို့အသင်း၏ အောင်မြင်မှုနောက်ကွယ်မှ အဓိကအချက်မှာ ပရိသတ်အားပေးမှုဖြစ်သည်မှာ မငြင်းနိုင်သည့် အမှန်တရားဖြစ်ကြောင်း၊ ပယ်နယ်တီ အဆုံးအဖြတ်ယူရတော့မည့်အချိန်တွင် မိမိတို့အနိုင်ရမည်ကို ယုံကြည်ခဲ့ကြောင်း"** ပြောကြားခဲ့သည်။ ဂျာမနီအသင်းသည် အာဂျင်တီးနားအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြင့် ၁၉၈၄ ခုနှစ်မှစတင်က ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်း၌ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည့်စံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်း၌ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် လေးကြိမ်မြောက် အနိုင်ရရှိခြင်း ဖြစ်သည်။ ဂျာမနီအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သော တိုက်စစ်မှူး ကလိုဆေးသည် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ၁၀ ဂိုး သွင်းနိုင်ခဲ့ပြီဖြစ်ရာ ဂျာရတ်မူလာ၊ ကလင်းစမန်း၊ ဟဲလ်မို့ရိန့်ချ်တို့နှင့် သွင်းဂိုးချင်းတူညီသွားခဲ့ပြီဖြစ်သည်။ တိုက်စစ်မှူး ကလိုဆေးသည် ယခု ကမ္ဘာ့ဖလားပွဲ၌ စုစုပေါင်း ငါးဂိုးသွင်းယူထားရာ ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်လျက်ရှိသည်။

ဂျာမနီအသင်းသည် အုပ်စုပွဲစဉ်များ၌ ကော့စတာရီကာကို လေးဂိုး–နှစ်ဂိုး၊ ပိုလန်ကို တစ်ဂိုး–ဂိုးမရှိ၊ အီကွေဒေါကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပထမရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဆွီဒင်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျာမနီအသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်ပွဲစဉ်အထိ ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများမပါ ၁၁ ဂိုးသွင်းယူခဲ့ပြီး သုံးဂိုးပြန်ပေးခဲ့ရသည်။ ဂျာမနီအသင်းအတွက် ကလိုဆေးက ငါးဂိုး၊ ပိုဒေါစကီးက သုံးဂိုး၊ ဖိလစ်လမ်း၊ ဖရင်းနှင့် နျူဗီးလ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ ဂျာမနီအသင်းမှ ကလိုဆေးနှင့် မိုက်ကယ်ဘောလက်တို့က နှစ်ကြိမ်စီ၊ ဖိလစ်လမ်းက တစ်ကြိမ် အကောင်းဆုံးဆုရရှိထားသည်။ ဂျာမနီအသင်းမှ ပိုဒေါစကီးနှင့် ကလိုဆေး တိုက်စစ်အတွဲသည် နှစ်ဦးပေါင်း ရှစ်ဂိုးသွင်းယူထားရာ ပြိုင်ပွဲဝင်အသင်းများအားလုံးထဲ၌ ဂိုးသွင်းအများဆုံး တိုက်စစ်အတွဲဖြစ်သည်။ ဂျာမနီအသင်းသည် နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲ၌ ခုနစ်ပွဲ အနိုင်ရရှိထားသည်။ ဂျာမနီအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ ခြေစွမ်းပြပြီး ဗိုလ်စွဲခဲ့သည့် အစဉ်အလာရှိသည်။

အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့၏ ပွဲစဉ်တွင် အီတလီအသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သော တိုက်စစ်မှူး လူကာတိုနီ။
(ဓာတ်ပုံ–အင်တာနက်)

အီတလီအသင်း

အီတလီအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ ယူကရိန်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ အီတလီအသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ် ပွဲစဉ်အထိ နာမည်ကြီးအသင်းများနှင့် မဆုံတွေ့ခဲ့ရသဖြင့် အုပ်စုလမ်းကြောင်း ဖြောင့်ဖြူးခဲ့သည်ဟု ဆိုနိုင်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များ၌ ကျန်အသင်းကြီးများ အလဲလဲအကွဲကွဲနှင့် အချိန်ပိုကန်ရ၊ ပယ်နယ်တီ အဆုံးအဖြတ်ယူရဖြစ်နေချိန်တွင် အပြာရောင်အီတလီတို့က ယူကရိန်းကို သုံးဂိုးပြတ်သွင်းပြီး အေးရာအေးကြောင်း ကစားနိုင်ခဲ့သည်။ အီတလီအသင်းသည် အုပ်စုလမ်းကြောင်း ဖြောင့်ဖြူးရုံသာမက ကံကြမ္မာ၏မျက်နှာပေးမှုကိုလည်း ရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဩစတြေးလျအသင်းကို ပွဲပြီးခါနီး၌ ဒိုင်လူကြီးပေးသော ပယ်နယ်တီလက်ဆောင်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အီတလီအသင်းသည် ရှုံးထွက်အဆင့်ပွဲစဉ်များ၌ ၁၉၃၄ ကမ္ဘာ့ဖလားပွဲတွင် အမေရိကန်အသင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက်ပိုင်း ယူကရိန်းကို ဂိုးပြတ်အနိုင်ရရှိခြင်းဖြစ်သည်။ အီတလီအသင်း ယခုကဲ့သို့ အကြိုဗိုလ်လုပွဲတက်ရောက်လာနိုင်ခြင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲအဆင့်သို့ ခုနစ်ကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ်သည်။ အီတလီအသင်းသည် နောက်ဆုံးကစားခဲ့သည့် ၂၄ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို တင်ထားနိုင်ပြီဖြစ်သည်။ **ယခု ကမ္ဘာ့ဖလားပွဲတွင် အီတလီအသင်းကို ပြိုင်ဘက်အသင်းများက တစ်ဂိုးမျှသွင်းယူနိုင်ခြင်း မရှိသေးချေ။ အုပ်စုပွဲစဉ်၌ အမေရိကန်အသင်းကို တစ်ဂိုးပြန်ပေးခဲ့ရသည်မှာ အီတလီအသင်းမှ ဇက်ကာ ကိုယ့်ဂိုးကိုယ် သွင်းမိသော ဂိုးဖြစ်သည်။ အီတလီအသင်း၌ ကမ္ဘာ့အကောင်းဆုံး နောက်တန်းလူများပါဝင်နေရာ ယခု ကမ္ဘာ့ဖလားပွဲ၌ ပြိုင်ပွဲဝင်အသင်းများ အားလုံးအနက် အတောင့်တင်းဆုံး ခံစစ်အဖြစ် သတ်မှတ်ခြင်းခံထားရသည်။**

မာဆယ်လိုလစ်ပီ

ယူကရိန်းအသင်းအား အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော အီတလီအသင်း နည်းပြ မာဆယ်လိုလစ်ပီက ယခုအနိုင်ပွဲသည် ဆေးရုံတက်ရောက်၍ ဆေးကုသမှု ခံယူနေရသော ဂျူဗင်တပ်စ်အသင်း အထွေထွေမန်နေဂျာ ပတ်ဆိုတို အတွက် ရည်စူးခဲ့သည့် နိုင်ပွဲဖြစ်ကြောင်း ပြောကြားသည်။ နည်းပြလစ်ပီက **"မိမိတို့ အကောင်းဆုံး လေးသင်း စာရင်းဝင်နိုင်ပြီဖြစ်၍ ကျေနပ်မိကြောင်း၊ မိမိတို့အသင်းသားများ စိတ်ရောကိုယ်ပါအားစိုက်ပြီး ကစားခဲ့ကြကြောင်း၊ ပတ်ဆိုတိုအတွက်ရည်စူးသည့် နိုင်ပွဲဖြစ်ကြောင်း မိမိတို့ မိသားစုနှင့် ပတ်ဆိုတိုတို့ မိသားစုမှာ အလွန်ရင်းနှီးကြောင်း၊ မကြာခင်မှာ ပတ်ဆိုတို မိမိတို့နှင့် အတူ အောင်ပွဲခံနိုင်ရန် မျှော်လင့်ကြောင်း"** ပြောကြားခဲ့သည်။ အီတလီနည်းပြ လစ်ပီသည် ဂျူဗင်တပ်စ် နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ အီတလီက ယူကရိန်းကို အနိုင်ရသည့် ပွဲပြီးဆုံးချိန်တွင် အီတလီ လက်ရွေးစင်ဟောင်း ဂျူဗင်တပ်စ်အသင်း အထွေထွေမန်နေဂျာ ပတ်ဆိုတိုသည် တူရင်မြို့ရှိ ပေ ၃၀ ခန့်မြင့်သော ရုံးခန်းပြတင်းပေါက်မှ ခုန်ချပြီး မိမိကိုယ်မိမိ သေကြောင်းကြံစည်ခဲ့ခြင်း ဖြစ်သည်။ အီတလီအသင်းသားများ ပတ်ဆိုတိုရှိရာ ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး အားပေးခဲ့ကြောင်း သိရသည်။

ယူကရိန်းအသင်းအား အနိုင်ရခဲ့ပြီးနောက် အီတလီအသင်းသားများ စိတ်အားတက်ကြွနေကြရာ အိမ်ရှင်ဂျာမနီကို ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်လျက်ရှိကြသည်။ ဂျာမနီနှင့်ပွဲတွင် နောက်တန်းလူ နာဆာနှင့် မာတာရာဇီတို့ ပြန်လည်ပါဝင်လာမည်ဖြစ်၍ နောက်တန်းအင်အား ပိုမိုတောင့်တင်းနေသည်။ အီတလီအသင်းခေါင်းဆောင် ကန်နာဗာရိုက **"မိမိတို့အသင်း၏ စွမ်းဆောင်ရည်သည် ပြိုင်ပွဲအဆင့် မြင့်လေ ခြေစွမ်းမြင့်လေ ဖြစ်လာကြောင်း၊ မိမိတို့အသင်းအား ပြိုင်ဘက်အသင်းများက ဂိုးမသွင်းနိုင်သေးခြင်းမှာ ခံစစ်ကြောင်း ကျစ်လျစ်မှုကို ပြသနေခြင်းဖြစ်ကြောင်း၊ မိမိတို့ဂျာမနီကို ခက်ခက်ခဲခဲ ရင်ဆိုင်ကျော်ဖြတ်ပြီး ဗိုလ်လုပွဲရောက်မည်ဟု ယုံကြည်ကြောင်း"** ပြောကြားခဲ့သည်။ အီတလီ စီးရီးအေ၌ ဂျူဗင်တပ်စ်အသင်း၏ လုပ်ပွဲအရှုပ်တော်ပုံနှင့် ဂျူဗင်တပ်စ်အသင်း အထွေထွေမန်နေဂျာ ပတ်ဆိုတို ဆေးရုံတက်နေရခြင်းတို့သည် အီတလီအသင်းအပေါ် အကျိုးသက်ရောက်မှု ရှိလာမည်မဟုတ်ကြောင်းလည်း နောက်တန်းလူ ကန်နာဗာရို (ဂျူဗင်တပ်စ်)က ပြောကြားသည်။

တိုက်စစ်မှူး တော့တီ

ဩစတြေးလျနှင့်ပွဲတွင် ပယ်နယ်တီ ကန်သွင်းပြီး အီတလီအသင်းကို ကွာတားဖိုင်နယ်သို့ ပို့ဆောင်ခဲ့သော တိုက်စစ်မှူး တော့တီက အိမ်ရှင်ဂျာမနီကို အနိုင်ရပြီး ဗိုလ်လုပွဲတက်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ တော့တီက **"အလွန်တောင့်တင်းသည့် အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သော်လည်း မိမိတို့အလွယ်တကူအနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နေရာလွတ်မရှိအောင် ကစားနိုင်ပြီး ဇမ်ဘရော့တာကလည်း အမှားအယွင်းမရှိကစားနိုင်ခဲ့ကြောင်း"** ပြောကြားခဲ့သည်။ တော့တီသည် ယခင်က ခြေကျင်းဝတ်အရိုးကျိုးခဲ့သဖြင့် သုံးလခန့် မကစားနိုင်ဘဲ အီတလီအသင်းနှင့် ကင်းကွာနေခဲ့သူဖြစ်သည်။ အီတလီအသင်းသည် အုပ်စုပွဲစဉ်၌ ဂါနာကို နှစ်ဂိုး–ဂိုးမရှိ၊ ချက်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး အမေရိကန်နှင့် တစ်ဂိုးစီသရေကျကာ အုပ်စုပထမရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဩစတြေးလျကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်ပွဲစဉ်အထိ ကိုးဂိုးသွင်းယူခဲ့ပြီး တစ်ဂိုးပြန်ပေးခဲ့ရသည်။ အီတလီအသင်းအတွက် လူကာတိုနီက နှစ်ဂိုး၊ ပီယာလို၊ အီယာကွင်တာ၊ မာတာရာဇီ၊ ဇမ်ဘရော့တာ၊ အင်ဇာဂီနှင့် တော့တီ (ပယ်နယ်တီ)တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ အီတလီအသင်းမှ ဂိုးသမား ဘူဖွန်၊ ပီယာလို၊ မာတာရာဇီနှင့် ဂတ်တူဆိုတို့ အကောင်းဆုံးဆုရရှိထားကြသည်။

ဂျာမနီအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၁၉)၊ အီတလီအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၁၄)ဖြစ်သည်။ ဂျာမနီနှင့် အီတလီတို့ ယခင်က ၁၀ကြိမ်ဆုံတွေ့ခဲ့ရာ ဂျာမနီက သုံးပွဲနိုင်၊ အီတလီက လေးပွဲနိုင်ပြီး သုံးပွဲ သရေကျခဲ့သည်။ အီတလီနှင့် ဂျာမနီတို့ နောက်ဆုံးဆုံတွေ့ခဲ့ကြရာ အီတလီအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျာမနီအသင်းတွင် ဒဏ်ရာရသူမရှိဘဲ လူစုံပါဝင်လာမည်ဖြစ်သည်။ အီတလီအသင်းမှ နောက်တန်းလူ နက်စတာ ဒဏ်ရာသက်သာလာပြီဖြစ်၍ ယခုပွဲ ပါဝင်လာနိုင်သည်။ ဂျာမနီအသင်းသည် အာဂျင်တီးနားနှင့်ပွဲတွင် ခြေစွမ်းအကောင်းကြီး မဟုတ်ခဲ့သော်လည်း ယခုအခါ အားနည်းချက်ကို ပြုပြင်ထားမည်ဖြစ်သည်။ ဂျာမနီအသင်းဘက်၌ အိမ်ရှင်ပရိသတ် အားပေးမှုနှင့် ဒိုင်လူကြီးများ၏ မျက်နှာလို မျက်နှာရ လုပ်မှုဆိုသော အားသာချက်ရှိနေသည်။ အီတလီအသင်း အကြိုဗိုလ်လုပွဲစဉ်ရောက်သည်အထိ အသင်းကြီးများနှင့် မဆုံတွေ့ရသေးသော်လည်း တစ်ပွဲထက်တစ်ပွဲ အသင်းလိုက် ကစားကွက် ကောင်းလာသည်။ တိုက်စစ်မှူး တိုနီ ဂိုးပြန်သွင်းနိုင်ပြီး နောက်တန်းလူများကလည်း ဂိုးတက်သွင်းနိုင်စွမ်းရှိကြသည်။

စိတ်ဓာတ်မြင့်မား

အီတလီနည်းပြ မာဆယ်လိုလစ်ပီက အသက်၅၈နှစ်၊ ဂျာမနီ နည်းပြ ကလင်းစမန်းက အသက် ၄၃ နှစ်၊ နည်းပြနှစ်ဦး အသက်အရွယ်ကွာခြားသကဲ့သို့ အတွေ့အကြုံပိုင်းလည်း ကွာခြားသည်။ **အသက်ကြီးရင့်သူနှင့် အသက်ငယ်ရွယ်သူ နည်းပြနှစ်ဦး၏ အတွေး အခေါ်ပိုင်း မည်သို့ရှိမည်ကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။** နှစ်သင်းစလုံး အားသာချက် ကိုယ်စီရှိနေကြပြီး ခြေညီသောအသင်းများဖြစ်၍ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း အရှုံးအနိုင် အဖြေမထွက်ဘဲ အချိန်ပို၊ ပယ်နယ်တီသို့ ခရီးဆက်ရဖို့ များနေသည်။ အီတလီအသင်း နောက်တန်း မာကျောသော်လည်း ပရိသတ်အားပေးမှုနှင့် စိတ်ဓာတ်မြင့်မားနေသော အိမ်ရှင်ဂျာမနီအသင်းက အနိုင်ဂိုးသွင်းယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားမည်ဟု ထင်ပါကြောင်း ပွဲကြိုအဖြစ်သုံး သပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကိုထွေး သုံးသပ်ရေးသားသည်

ကျောင်းသား ကျောင်းသူများ ကျောင်းကြို/ပို့ယာဉ် အဆင်ပြေစွာ စီးနင်းနိုင်ရေး ယာဉ်စီးခနွှန်းထား လျှော့ချရေး စံသတ်မှတ်ကောက်ယူရန်စီစဉ် ရထားပြေးဆွဲမှု စနစ်ကျန၍ အချိန်မှန်အောင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃၀ ရက် ညနေ ၆နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

မပြတ်ဆောင်ရွက်ပေး

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက တက္ကသိုလ်၊ ကောလိပ်များရှိ ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းကြို/ပို့ယာဉ်များ အဆင်ပြေစွာ စီးနင်းနိုင်ရေးအတွက် ယာဉ်စီးခနွှန်းထား လျှော့ချရေးအတွက် စံသတ်မှတ်ကောက်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အခြေခံကျသည့် လမ်းများအစဉ်ကောင်းမွန်စေရေးအတွက် လမ်းပြုပြင်ခင်းကျင်းခြင်း လုပ်ငန်းများကို မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ကျောင်းသားကျောင်းသူများအနေဖြင့် ကြို/ပို့ယာဉ်များကိုသာမက တက္ကသိုလ်၊ ကောလိပ်များသို့ ပြေးဆွဲပေးလျက်ရှိသည့် မီးရထားများကိုလည်း အားထားစီးနင်းလျက်ရှိရာ ရထားပြေးဆွဲမှု စနစ်ကျန၍ အချိန်မှန်စေရန်လည်း စီမံဆောင်ရွက်လျက် ရှိကြောင်း၊ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားမှုအတွက် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်နှင့် တာဝန်ရှိသူများအပိုင်းက တက္ကသိုလ်၊ကောလိပ်နှင့် အခြေခံပညာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးနေသကဲ့သို့ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများကလည်း အေးချမ်းစွာပညာသင်ယူနိုင်ရေးအတွက် အလေးထား ထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် ယာဉ်မောင်းများ ယာဉ်တိုက်မှုမဖြစ်အောင် စနစ်တကျမောင်းနှင်ကြရန် လိုအပ်သကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားပါက တာဝန်မဲ့စွာ ရှောင်တိမ်းခြင်းမပြုကြရန်နှင့် ရှောင်တိမ်းပါက ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆရာဆရာမများနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျောင်းကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များနှင့် မော်တော်ယာဉ်လိုင်းများဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သတ်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုထူးပန် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက် ဆုထူးပန်ဝါးတောမြတ်မွန် ဝေဠုဝန်ဓမ္မရိပ်သာကြီး၌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆုထူးပန်ဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကထိက အရှင်ကုဍ္ဍမလ တက္ကသီလ ဓမ္မာစရိယ (B.A)မဟာ ဓမ္မာစရိယ (M.A)တို့က ၁၃၆၈ ခုနှစ် ဝါဆို လဆန်း ၈ ရက် (ဇူလိုင် ၂ ရက်) တနင်္ဂနွေနေ့မှ ၁၃၆၈ ခုနှစ် ဝါဆို လဆန်း ၁၄ ရက် (ဇူလိုင် ၈ ရက်) စနေနေ့အထိ ခုနစ်ရက်တိုင်တိုင် သတိပဋ္ဌာန်တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် အချိန်မီလာရောက်၍ အခမဲ့တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေသလ္လာပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၄)ဝိုင်း ရွှေသလ္လာပရိယတ္တိစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော်ဘဒ္ဒန္တကောဝိဒ(မုံရွာ) အမှူးပြုသော စာချ၊ စာသင်ရဟန်းသာမဏေ ၅၇ ပါးတို့အား နှစ်စဉ်ဆက်ကပ်မြဲဖြစ်သော စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ (ဇူလိုင် ၁၀ ရက်)တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် ဆက်ကပ်မည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် လာရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန်၂၃ရက်က ရောဝဏ် လမ်းမပေါ်ရှိ တစ်အုပ်တမစံပြကြက် ဆူပင်ဧက(၁၀၀)အဆောက်အအုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စက်မှုဇုန်(၁)၊ (၂)နှင့် (၃)မှ တာဝန်ခံများသို့ စီမံကိန်းတာဝန်များပေးအပ်စဉ်။ (က-ပ)

လက်ခံရယူ

ဒေါက်တာ ဒေါ်လေးခိုင် ဦးဆောင်သော မေတ္တာမွန်အဖွဲ့မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က-ပ)

မော်ဒန်အချစ်များ ဆက်လက်ရှင်သန်ဆဲ Poseidon နှင့် Aeonflux နေပြည်တော်၊ ရွှေ့ဆောင်ရုံများ၌ ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇူလိုင် ၂

ညွှန့်မြန်မာညီညီအောင်၏ **မော်ဒန်အချစ်များ** သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ **မော်ဒန်အချစ်များ**တွင် ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မေသဥ္ဇာဦး၊ ဝိုင်းစုခိုင်သိန်းနှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားသည်။

ရွှေ့ဆောင်ရုံတွင် Aeonflux ဓာတ်ကား ပြသနေပြီး နေပြည်တော်ရုံတွင် Poseidon ပြသလျက်ရှိသည်။ မြို့မရုံတွင် အိန္ဒိယဓာတ်ကား Hera Pheri ရုံဝင်လာသည်။ ယင်းဓာတ်ကားတွင် ဆူနီးလ်ရှက်တီး၊ အက်ရှ်ကူးမားနှင့် မင်းသမီးချော တာဗူးတို့ ပါဝင်သရုပ် ဆောင်ထားသည်။ အက်ရှင်ဓာတ်ကားကို ဟာသ နှောကာ ရိုက်ကူးထားသော ဓာတ်မြူး ကားဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် The Real Mccoy အက်ရှင်ဓာတ်ကား ပြသနေပြီး ရွှေဂုန်ရုံ မြေညီထပ်၌ ဆန်ကျေးဒတ်ခေါင်း ဆောင်ပါဝင်ထားသော Maine Dil Tujhko Diya ဓာတ်ကားဖြင့် ဖျော်ဖြေလျက်ရှိသည်။ ဆုထူးပန်ရုံတွင် အာကျေးဒေ့ဂန်နှင့် မင်းသမီးချော တွင်ကယ်ခန်နာတို့ပါဝင်သရုပ်ဆောင်ထားသော Jaan ဓာတ်ကားရုံဝင်လာသည်။ မြေးမလေး၏ လုံခြုံရေးအတွက် ငှားရမ်းမိသောသူမှာ မြေးမလေးကိုသတ်မည့် လက်မရွံ့ လူသတ်သမား ဖြစ်မှန်းသိသွားသော ရဲမှူးကြီးနှင့် လူသတ်သမားတို့၏ သဲကြီးမဲကြီး အသက်လုပွဲကို ဓာတ်လမ်းဆင်ရိုက်ကူးထားသော ဓာတ်ကားဖြစ်သည်။

ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်၊ နဝရတ်တို့ပါဝင် ထားသော **တောင်သမန်သစ္စာ** ဓာတ်ကားမှာ မြို့လယ် ဝဇီရာရုံတွင် ဆက်လက် ပြသဆဲဖြစ်သည်။

ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **ကျားတို့၏ မာယာ**အဆင့်မြင့်မြန်မာဗီဒီယိုဓာတ်ကားမှာ နဝဒေး၊ ရွှေဗဟိုဘုရင့်နောင်၊ ရောဝတီနှင့် မြရတနာရုံများတွင် ပြသလျက်ရှိသည်။ ॥

(မြန်မာ့အလင်း)

ကျားတို့၏ မာယာမှ ကျော်သူ။

မော်ဒန်အချစ်များမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

တောင်သမန်သစ္စာ ဓာတ်ကားမှ မေသန်းနု။

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ဇွန် ၂၉ ရက်က ဦးဝိစာရလမ်းရှိ အမျိုးသား ရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်မူမူဝင်း၊ နာယကအဖွဲ့ဝင် ဒေါ်စိုးဝတ်ရည်၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာ)နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်မူမူဝင်း **(အောက်ပုံ)**၊ နာယကအဖွဲ့ဝင် ဒေါ်စိုးဝတ်ရည်၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၂၅၊ ၅၀၊ ၁၀၀ နှင့် ၂၀၀ အလွတ်ကူးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အောင်နိုင်ဆုများ ချီးမြှင့်သည်။

(မြန်မာ့အလင်း)

❒ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က လုပ်ငန်းစဉ်အလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရေး (၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက တည်ဆောက်ဆဲ မဒေးရေလှောင်တမံလုပ်ငန်းများနှင့် တည်ဆောက်ပြီး မင်းလှရေလှောင်တမံ ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ချိန်ပြီးစီးရေး၊ စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မဒေးရေလှောင်တမံကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

မျိုးကောင်းမျိုးသန့်

ဆက်လက်၍ ဝန်ကြီးသည် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ပေးထားသည့် သီးနှံများ၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တောင်သူလယ်သမားများ ဝင်ငွေ ပိုမိုရရှိအောင် ကူညီမှုပေးရေး၊ မျိုးကောင်းမျိုးသန့် လဲလှယ်စိုက်ပျိုးရေး၊ ဆည်ရေသောက်ဒေသများ ဖြစ်လာသည့် ကြံခင်း၊ မြန်အောင်မြို့နယ်တို့၌ ဒေသနှင့် တောင်သူ အကျိုးဖြစ်ထွန်းသည့် သီးနှံပုံစံဖြင့် စိုက်ပျိုးရေး၊ ရေကောင်း၊ မြေကောင်း၌ မျိုးကောင်းမျိုးသန့်ဖြင့် စိုက်ပျိုးကြရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟသ်ာတမြို့နယ်ရှိ မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ငဝန်မြစ်မှ ပင်မရေတင်စခန်း၌ လာမည့်နွေရာသီတွင် ရေပေးနိုင်ရန် ဆောင်ရွက်ထားမှုနှင့် ရေပေးမည့် အစီအစဉ်များကို တာဝန်ခံများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ရေပေးနိုင်သည့် လက်တံမြောင်းများ တစ်လျှောက်၌ သီးနှံပုံစံချမှတ်၍ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့က ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ ဆောင်ရွက်ထားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ Tele˚-˚Port ပင်မအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာကို ပန္နက်တင်ပေးစဉ်။ (ဆက်သွယ်ရေး)

■ *ကျောဖုံးမှ*

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ပရိသတ်တို့က နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး ဥပါသကာများက မင်္ဂလာငွေခရနှင့် အောင်စည်အောင်မောင်းတို့ကို တီးမှုတ်ပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ပရိသတ်တို့က ပြင်ဦးလွင်မြို့ ခဲလယ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်တို့ကို နာယူကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ပန္နက်တော်များကို ဆက်ကပ်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ပင်မအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ မင်္ဂလာအချိန် နံနက် ၉ နာရီ ၉ မိနစ်တွင် ပန္နက်တော်များတင်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပင်မအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ရတနာရွှေအိုးကိုမြှုပ်နှံပေးကြပြီး Tele-Port မြေဧရိယာပရိဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မန္တလေးတိုင်း ပျော်ဘွယ်မြို့၌ အသစ်တည်ဆောက်လျက်ရှိသော ပျော်ဘွယ်မြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းနှင့် စာတိုက်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တပ်ကုန်းမြို့၌ အသစ်တည်ဆောက်လျက်ရှိသော တပ်ကုန်း အော်တိုတယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာ တိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ရေနုတ်မြောင်း တူးဖော်ပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်း သဲကုန်းမြို့နယ် ဝက်ပုတ်ဈေးတန်းရပ်ကွက်တွင် ရေနုတ်မြောင်းများ မရှိသဖြင့် မိုးရွာသွန်းချိန်၌ ရပ်ကွက်အတွင်းသို့ ရေများ စီးဆင်းလာရာ ထွက်ပေါက်မရှိဘဲ ရွာလယ်တွင် ရေအိုင်ကြီး ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ရေနုတ်မြောင်း တူးဖော်နိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သဲကုန်းသား**

စည်းကမ်းတကျ အမှိုက်စွန့်ပစ်စေချင်

စာတည်းခင်ဗျား–

မော်လမြိုင်မြို့နယ် ဝေးကုန်းရွာနှင့် နောင်ခရီရွာအကြား ကော့ခနိလမ်းပေါ်ရှိ မုန့်ဆိုင်၊ ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်များသည် စည်းကမ်းမဲ့ အမှိုက်များ စွန့်ပစ်မှုကြောင့် ရေမြောင်းများ ပိတ်ဆို့လျက်ရှိပါသည်။

သို့ပါ၍ ဆိုင်ခန်းများမှ စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင်ရေး ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။ **နောင်ခရီသား**

ကျေးရွာချင်းဆက် တံတားပြုပြင်ပေးပါ

စာတည်းခင်ဗျား–

စစ်ကိုင်းမြို့နယ်အတွင်းရှိ သိမ်ချောင်း–ပေါက်မ–သရက်ချိုကျေးရွာချင်းဆက်လမ်းပေါ်ရှိအောင်မြေသာစည်ကျေးရွာအနီး ချောင်းကူးတံတားမှာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေသည့်အပြင် ပေါက်မ–သရက်ကန် တံတားနှင့် အောင်မြေသာစည်ကျေးရွာအကြား လမ်းပိုင်းမှာလည်း ပျက်စီးနေသည့်အတွက် ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ကျေးရွာနေပြည်သူများ**

ကွမ်းသီးလုပ်ငန်းမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံတောင် စံပြရပ်ကွက် ဦးချစ်မောင်လမ်း၊ မင်းလမ်းထိပ်ရှိ အိမ်တစ်အိမ်တွင် ကွမ်းသီးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ၎င်းလုပ်ငန်းမှ ထွက်ပေါ်လာသော ကန့်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

စက်သံကြောင့် နားဒုက္ခခံစားနေရ

စာတည်းခင်ဗျား–

ကလေးမြို့ အောင်သစ္စာရပ်ကွက် ဘုရင့်နောင်လမ်း နယ်မြေ(၁)ရှိ ကွန်ပျူတာလုပ်ငန်းတစ်ခုသည် နေ့စဉ် ၂၄ နာရီလုံးလုံး မီးစက်ဖြင့် လုပ်ငန်းလုပ်ကိုင်နေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ၎င်းကွန်ပျူတာလုပ်ငန်း ဘေးရှိအိမ်များမှာ စက်သံကြောင့်နေ့စဉ်နားဒုက္ခခံစားနေကြရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားဒုက္ခခံနေရသူ**

ကြက်ကင်ဆိုင် ညှော်နံ့ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

တာမွေမြို့နယ် တာမွေကြီး (က+ဂ)ရပ်ကွက် ၁၅၇ လမ်းနှင့် ၁၆၃ လမ်းဆုံတွင် နေ့စဉ်ညနေ ၃ နာရီခန့်မှ ည ၉ နာရီခန့်အထိ လမ်းဘေးကြက်ကင်ဆိုင်တစ်ဆိုင် လာရောက်ရောင်းချလျက်ရှိရာ ၎င်းဆိုင်မှ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များမှ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်နေရပါသဖြင့် ဖယ်ရှားရှင်းလင်း ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သား**

လောင်စာဆီများ သိုလှောင်မှုကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင်–

ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် မြတ်လေးနွယ်လမ်း အမှတ် ၂ လမ်းရှိ အိမ်တစ်အိမ်မှ မီးစက် မောင်းသံမှာ ဆူညံသည့်အပြင် လောင်စာဆီများကိုလည်း သိုလှောင်ထားပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဒေါပုံသူ**

ဗီဒီယိုရုံမှ အသံချဲ့စက်သံနားမခံသာ

စာတည်းခင်ဗျား–

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကဒက်ငယ်ဆိပ်ရွာရှိ ဗီဒီယိုရုံတစ်ရုံသည် ည ၇ နာရီမှ ၁၂ နာရီကျော်သည်အထိ အသံချဲ့စက်ကျယ်လောင်စွာဖွင့်၍ ပြသလျက်ရှိရာ ကျေးရွာရှိပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ပါ၍ အဆိုပါဗီဒီယိုရုံအား လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါ ရန် တင်ပြအပ်ပါသည်။ **နားမခံသာသူများ**

တရားမဝင်လောင်စာဆီရောင်းချသည့်ဆိုင်များရှင်းလင်းပြီး

ဇွန် ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကချင်ပြည်နယ် နမ္မတီးမြို့ပေါ်ရှိ ရပ်ကွက်တိုင်း၌ တရားမဝင် လောင်စာဆီရောင်းချနေသည့်ဆိုင်များအားလုံး ဖယ်ရှားရှင်းလင်းပေးပါ ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သုံးခွမြို့နယ်(၂)ရပ်ကွက် ရေကန်တိုးချဲ့တူးဖော်ရေးဆောင်ရွက်ပြီး

မေ ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ သုံးခွမြို့နယ်(၂) ရပ်ကွက်မှ ရေကန်တိုးချဲ့တူးဖော်ပေးပါ ပေးစာနှင့်ပတ်သက်၍ ရေပေးရေးစနစ်အဆင့်မြှင့် တင်ရေးစီမံချက်အရ မြို့တွင်းရပ်ကွက်အားလုံး ရေပြတ်လပ်မှုမရှိစေရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ ဖလားအကြို ဗိုလ်လုပွဲ ဥရောပလေးသင်းတက်လာ အိမ်ရှင်ဂျာမနီ ဗိုလ်စွဲနိုင်မည့် လမ်းကြောင်းပေါ်ရောက်

တင်ပြသူ **မြင့်မောင်စိုး**



ပေါ်တူဂီအသင်းခေါင်းဆောင် လူးဝစ်ဖီဂို အင်္ဂလန်နောက်တန်းကို ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာလင် ဇူလိုင် ၂

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ကျင်းပပြီးစီးသွားပြီဖြစ်ရာ ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီနှင့် ပြင်သစ်အသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်အဖြစ် ဇူလိုင်၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်က ပေါ်တူဂီအသင်းကို ပယ်နယ်တီ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသည်။

အင်္ဂလန်အသင်းသည် ပေါ်တူဂီနည်းပြ စကိုလာရီ ဦးဆောင်ကိုင်တွယ်သော ပေါ်တူဂီအသင်းနှင့် အဓိကပြိုင်ပွဲကြီး သုံးကြိမ်တိုင်ဆုံတွေ့ခဲ့ရာ အင်္ဂလန်အသင်း အရှုံးဖြင့်ရင်ဆိုင်ခဲ့ရသည်။

ရွန်နေသည် ကမ္ဘာ့ဖလားတွင် ထွက်ခဲ့ရသည့် အင်္ဂလိပ်ကစားသမားများတွင် သုံးဦးမြောက် ဖြစ်လာသည်။ ၁၉၈၆ ခုနှစ်က ရေးဝီကင်းစ်သည်လည်းကောင်း၊ ၁၉၉၈ ခုနှစ်က ဒေးဗစ်ဘက်ခမ်းသည်လည်းကောင်း ကမ္ဘာ့ဖလားတွင် အနီကတ်ကြောင့် ထွက်ခဲ့ရသည်။

ဘရာဇီးအသင်းနှင့်ပြင်သစ်အသင်းတို့သည် ကွာတားဖိုင်နယ်ပွဲအဖြစ် တစ်နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ရေပန်းမစားသည့် ပြင်သစ်က ဗိုလ်စွဲမည်ဟု ရေပန်းစားနေသော ဘရာဇီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

သီယာရီအွန်နရီ၏ ဂိုးကြောင့် ဘရာဇီးအသင်း ကမ္ဘာ့ဖလားမှ ထွက်သွားရသကဲ့သို့ ပြင်သစ်အသင်းသည် အကြိုဗိုလ်လုပွဲ တက်ရောက်လာသည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ဇီဒန်းက ဆွတ်ခူးနိုင်ခဲ့သည်။

ပြင်သစ်အသင်းသည် ပထမပိုင်းတွင် ဘရာဇီးထက် ပိုကောင်းအောင် ကစားနိုင်ခဲ့သည်။ သို့ရာတွင် ဘရာဇီးဂိုးသမား ဒီဒါကို ခြိမ်းခြောက်နိုင်လောက်အောင် ဂိုးဖန်တီးနိုင်မှုမှာ မရှိချေ။ သို့ရာတွင် ပွဲချိန်တစ်နာရီအကြာ ဇီဒန်းက အလွတ်တည်ကန်ဘောဖြင့် ဘရာဇီးဂိုးရှေ့သို့ချပေးလိုက်ရာ တိုက်စစ်မှူး အွန်နရီက မနားတမ်းကန်သွင်းယူလိုက်သည်။ ယင်းနောက်တွင် ရော်နယ်ဒိုကန်သွင်းသည့် ဘောလုံးကို ဘားသက်ဇ် ကာကွယ်ပေးနိုင်ခဲ့သည်။

ဘရာဇီးတို့ ကွာတားဖိုင်နယ် အောင်နိုင်ရေးအတွက် အကြိတ်အနယ်ကြိုးစား၍ ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း အယ်လ်ဘာတို့ပါရဲရား၏ ကစားသမားများသည် တိုက်စစ်နှင့် ခံစစ်အားကျဆင်းနေခဲ့သဖြင့် ချေပဂိုး မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ပြင်သစ်အသင်းသည် နည်းပြ ရေးမွန်းဒိုမီနက်၏ အကောင်းဆုံးကိုင်တွယ်လုပ်ဆောင်မှုနှင့်အတူ ပယ်နယ်တီကင်းရှင်းစွာဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အွန်နရီနှင့် ဖရန့်ရီဘာရီတို့သည် ဘရာဇီးနောက်တန်းကို မထိုးဖောက်နိုင်ဘဲ ရှိသည်။ ဇီဒန်းနှင့် အွန်နရီတို့သည် ပြင်သစ်တွင် ကစားသည့် သက်တမ်းတစ်လျှောက် မည်သည့်အခါမှ အတိုင်အဖောက်မညီခဲ့ပေ။ သို့ရာတွင် ပွဲချိန် ၅၇ မိနစ်မှာတော့ ဇီဒန်း ဖန်တီးပေးသည့် ဘောလုံးကို အွန်နရီက သွင်းပေးနိုင်ခဲ့ပြီဖြစ်သည်။

ဇီဒန်းသည် ပထမပိုင်းတွင် အလွတ်တည်ကန်ဘောဖြင့် ပြင်သစ်အသင်းအတွက် အကောင်းဆုံး ဂိုးသွင်းခွင့်ကို ဖန်တီးပေးနိုင်ခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူး မာလောက်ဒါ ခေါင်းပေါ်မှ ဘောလုံး ကျော်တက်သွားခဲ့သည်။

ပြင်သစ်အသင်းသည် ဘရာဇီးအသင်း၏ ၁၁ ပွဲမြောက် ရှုံးပွဲမရှိစံချိန်တင်ထားခြင်းကို ရပ်တန့်ပေးလိုက်ပြီဖြစ်သည်။ ၁၉၉၈ ခုနှစ်ကလည်း ဘရာဇီးအသင်းကို ပြင်သစ်က သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ အွန်နရီ၏ ယခုသွင်းယူသည့်ဂိုးမှာ ကမ္ဘာ့ဖလားတွင် ပါဝင်ကစားသည့် သက်တမ်းတစ်လျှောက် ခြောက်ဂိုးမြောက် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၀၆ ကမ္ဘာ့ဖလားတွင် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည့် ဥရောပလေးသင်းစလုံး စတုတ္ထအကြိမ်မြောက် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပေါ်တူဂီအသင်းနှင့် ပြင်သစ်အသင်းတို့သည် အကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၆ ရက် နံနက်တစ်နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အီတလီနှင့် အိမ်ရှင်ဂျာမနီအသင်းသည် ဇူလိုင် ၅ ရက် နံနက်တစ်နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(အင်တာနက်)



ပြင်သစ်အသင်းမှ ဇီဒန်း၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် အွန်နရီက ဘရာဇီးဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

ဘာလင် ဇူလိုင် ၂

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကစားပြီးခဲ့ပြီဖြစ်ရာ အကြိုဗိုလ်လုပွဲရောက် အသင်းလေးသင်းလည်း ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များ ကစားခဲ့သည့်အသင်းများ၏ နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

အဲရစ်ဆင် တောင်းပန်စကားဆိုရပြီ

ကွာတားဖိုင်နယ်ပွဲစဉ်၌ ပေါ်တူဂီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသော အင်္ဂလန်အသင်းနှင့်ပရိသတ်ကြီးအား မိမိ အလွန်အမင်းတောင်းပန်ကြောင်း၊ စိတ်မကောင်းဖြစ်ရကြောင်း နည်းပြ အဲရစ်ဆင်က ပြောကြားလိုက်သည်။

ရွန်နေကို ဒိုင်လူကြီးက အနီကတ်ပြမှုနှင့်ပတ်သက်ပြီး စောဒကတက်စရာဖြစ်ကြောင်း ရုပ်မြင်သံကြား အနှေးပြကွက်တွင် အသေအချာကြည့်လျှင် အနီကတ်ပြသည်အထိ ပြစ်ဒဏ်မပေးသင့်ကြောင်း၊ ယခုပွဲတွင် မိမိလူများ၏ အားနည်းမှုများရှိကြောင်း၊ ဒါ့အပြင် ပယ်နယ်တီသုံးလုံးဝင်အောင် မကန်သွင်းနိုင်ခဲ့ခြင်းမှာ အဆိုးရွားဆုံးဖြစ်ကြောင်း အဲရစ်ဆင်က ပြောကြားသည်။



အင်္ဂလန်နည်းပြ အဲရစ်ဆင်

စကိုလာရီက အင်္ဂလန်ကစားသမားများကိုချီးကျူး

ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပေါ်တူဂီအသင်းကို ၁၀ ဦးတည်းနှင့် အချိန်ပိုကစားသည်အထိ သရေကျအောင် ကစားခဲ့သော အင်္ဂလန်ကစားသမားများအား ပေါ်တူဂီနည်းပြ စကိုလာရီက ချီးကျူးပြောကြားလိုက်သည်။

အင်္ဂလန်အသင်း ၁၀ ဦးတည်းနှင့် ကစားရသော်လည်း မိမိတို့ကစားသမားများ အသာစီးမရခဲ့ကြောင်း၊ အင်္ဂလန်ကို ခက်ခက်ခဲခဲကစားခဲ့ရကြောင်း ပြောကြားသည်။ ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းရာတွင် မိမိတို့ ကံကောင်းစွာအနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလွန်လှပသောအောင်ပွဲဖြစ်ကြောင်း ဇီဒန်း ပြောကြား

ကွာတားဖိုင်နယ်ပွဲစဉ်၌ ဘရာဇီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲသည် အလွန်လှပသောပွဲဖြစ်ကြောင်း ပြင်သစ် ကွင်းလယ်ကစားသမား ဇီဒန်းက ပြောကြားလိုက်သည်။

ဇီဒန်းသည် ပြင်သစ်နှင့် ဘရာဇီးပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့သူ ဖြစ်သည်။ ပြင်သစ်အသင်းသည် ဘရာဇီးအသင်းနှင့်တွေ့တိုင်း နိုင်ပွဲရခဲ့သည်ချည်းသာဖြစ်ကြောင်း၊ မိမိတို့တစ်သင်းလုံး ဟာကွက်မရှိအောင် ကစားခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ဇီဒန်းက ပြောကြားသည်။

ပြင်သစ်ကွင်းလယ်ကစားသမား ဇီဒန်း

တတိယအကြိမ်မြောက် ကမ္ဘာ့ဖလားရယူမည်ဟု ပြင်သစ်နည်းပြ ပြောကြား

ကွာတားဖိုင်နယ်တွင် ဘရာဇီးအသင်းကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲ၌ ပေါ်တူဂီအသင်းကို ရင်ဆိုင်ရမည်ဖြစ်သော်လည်း မိမိတို့ ကမ္ဘာ့ဖလားရရှိရေး လမ်းပွင့်သွားပြီဖြစ်ကြောင်း ပြင်သစ်နည်းပြ ဒိုမန်နစ်ချ်က ပြောကြားလိုက်သည်။

ဘရာဇီးကဲ့သို့ ထိပ်တန်းအသင်းကို ကွာတားအဆင့်၌ အနိုင်ယူရန် မလွယ်ကူကြောင်း၊ သို့ရာတွင် မိမိကြိုးစားပြခဲ့ပြီးဖြစ်ကြောင်း၊ အကြိုဗိုလ်လုပွဲ၌ ပေါ်တူဂီနှင့်ကစားရာတွင် ဘရာဇီးလောက် ခက်ခဲမည်မထင်ကြောင်း ပြောကြားသည်။

အွန်နရီနှင့် ဇီဒန်းတို့နှစ်ဦးသည် အန္တရာယ်များသော ကစားသမားများဟု ဘရာဇီးနည်းပြ ပရဲရား သတိပေး

အွန်နရီနှင့် ဇီဒန်းတို့နှစ်ဦးသည် အလွန်အန္တရာယ်များသော ကစားသမားများဖြစ်သည်ဟု မိမိသတိပေးထားခဲ့ကြောင်း၊ ဂိုးသွင်းမှုနှင့် ဘောလုံးဖြန့်ဝေပေးနိုင်မှုအပိုင်း၌ ကမ္ဘာ့အကောင်းဆုံးအဆင့်၌ ရှိနေဆဲဖြစ်ကြောင်း သတိပေးခဲ့သည်ဟု ဘရာဇီးနည်းပြ ပရဲရားက ပြောကြားလိုက်သည်။

ပရဲရား သတိပေးသည့်အတိုင်းပင် ပြင်သစ်အတွက် အစွမ်းကုန်အကျိုးပြုခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ပြင်သစ်တိုက်စစ်မှူး အွန်နရီသည် တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်း၍ ပြင်သစ်အသင်းကို အကြိုဗိုလ်လုပွဲတက်အောင် ကူညီပေးခဲ့ပြီဖြစ်သည်။

အဲရစ်ဆင်အား အင်္ဂလန် ဘောလုံးကျွမ်းကျင်သူများက ဝေဖန်

ကွာတားဖိုင်နယ်တွင် အင်္ဂလန်အသင်းက ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းနှင့်ပတ်သက်၍ အဲရစ်ဆင်၏ လူစားလဲလှယ်မှု၊ ဗျူဟာအခင်းအကျင်းများသည် မှားယွင်းကြောင်း အင်္ဂလန် ဘောလုံးကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

အဲရစ်ဆင်သည် ပေါ်တူဂီအသင်းကို လျှော့တွက်ခဲ့ကြောင်း၊ ပေါ်တူဂီနည်းပြ စကိုလာရီသည် အလွန်တော်သော နည်းပြတစ်ဦးဖြစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရလျှင် အဲရစ်ဆင်ထက် တော်ကြောင်း အင်္ဂလန် ဘောလုံးကျွမ်းကျင်သူ ဂရေဂမ်တေလာက ပြောကြားသည်။

* **ဘရာဇီးအသင်းကို အနိုင်ရသဖြင့် ပြင်သစ်နိုင်ငံသားများ ညလုံးပေါက် အောင်ပွဲခံခဲ့ကြ။**
* **အွန်နရီ ရွှေဖိနပ်ဆုကို မှန်းနိုင်သူတစ်ဦးဖြစ်လာ။**
* **အာဂျင်တီးနားကို အနိုင်ရခဲ့သည့်ပွဲတွင် ဂျာမနီပရိသတ် ၂၈ ဒသမ ၆၅ သန်း တီဗွီမှ ကြည့်ရှုခဲ့သဖြင့် လူအများဆုံးကြည့်သည့် စံချိန်တင်။**

(အင်တာနက်)

အင်္ဂလန်ရှေ့တန်းကစားသမား ရွန်နေကို အနီကတ်ပြစဉ်။

KMD Computer Centre (တာမွေ)
KMD
:: i-Office :: Graphics Design :: Desktop Publishing :: Practical A+ :: Practical Network :: AutoCAD :: LCCI Computerised Accounting :: Basic Software Engineering
☎ ၅၄၃၃၂၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၂၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

ဖလားဝါး နယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၂၆)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ ကိုရီးယား ခရီးသွား ဆောင်းပါးအပါအဝင် ရန်ကုန်၊ မန္တလေးနှင့်နယ်မြို့များသို့ GSM ဖုန်း ရှစ်သောင်းကျော်ချပေးမည်၊ နန်းတွင်းရတနာဇာတ်ဝင်ခန်းရိုက်ကူးရာနေရာများ MRTV-4မှ ထုတ်လွှင့်ပြသမည်၊ စတီးဗီးယားဆေးသကြားပင် ဂျပန်နိုင်ငံသို့ အမယ်သစ်သီးနှံအဖြစ် တင်ပို့နိုင်ရန် စမ်းသပ်စိုက်ပျိုးနေ၊ စစ်တွေတွင် ဒေါ်လာ ၁၀၃သန်း ကုန်ကျမည့် ဆိပ်ကမ်းတစ်ခု အိန္ဒိယက တည်ဆောက်မည် စသည့်ဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက် ရှိလာသည်။

စုံလင်စွာ

"ရွှေဖိနပ် ဘယ်သူရမလဲ" ကမ္ဘာ့ဖလား သုံးသပ်ချက်များအပါအဝင် လုပ်ခလစာတိုးမှုက အိန္ဒိယ၏အလုပ်မျှပေးလုပ်ငန်းကို ခြိမ်းခြောက်နေ၊ သန့်စင်ခန်း၏လျှို့ဝှက်ချက်များ ဖော်ထုတ်နိုင်ပြီ၊ နာဆာအဖွဲ့၏ ဟပ်ဘဲလ်မှန်ပြောင်း ကင်မရာ အလုပ်မလုပ်တော့ဟုဆို စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈က မြန်မာတစ်ပြည်လုံးသို့ဖြန့်ချိလိုက်သည်။

(သတင်းစဉ်)

စိန်စည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂

ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်ဩဝါဒခံစိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ တရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၉ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ရေ၊မီးလှူဒါန်းလိုသူများ ရိပ်သာဖုန်း-၅၈၁၁၆၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

EAC
Ph-286871
ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ငုဝါလမ်း၊ အမှတ်၂၁၃နေ
ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)-ဒေါ်ခင်ဆွေ တို့၏ သား

ဗိုလ်မှူးမြတ်ထွန်းကျော် B.A (D.S.A)

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်၆၅နေ
ဦးလှသောင်း-ဒေါ်အေးမှတ် တို့၏ သမီး

မမျိုးဖြူစင် B.Sc(Physics)

Senior Flight Attendant(Air Mandalay Co., Ltd.)

တို့၏ ၂-၇-၂၀၀၆ရက်တွင် Summit Parkview Hotel၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူ အပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးမြတ်ထွန်းကျော်-မမျိုးဖြူစင်။

ရွှေနေချုပ်နှင့်အဖွဲ့ဝင်များဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၌ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဇောတအား အမှူးပြု၍ တပည့်ဒါယကာ ဒါယိကာမများ၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် မဟာဇယမင်္ဂလာသုံးထပ်သိမ်ကျောင်းဆောင်ကြီးတွင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီးက အနုမောဒနာတရားဒေသနာ ချီးမြှင့်သည်။ ထို့နောက် ရှေ့နေချုပ် ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များ၊ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**ဆက်လက်၍ ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးမှ ဗိုလ်မှူးကြီးဟန်တင့်၊ ဇနီးဒေါက်တာ ဒေါ်လဲ့လဲ့ဝင်း မိသားစုက သင်္ကန်းအစုံ ၁၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘစ်စနူးပါဒါချာကမားက ပရိက္ခရာရှစ်ပါးနှင့် ဆွမ်းအလှူငွေကျပ်တစ်သိန်းတို့ကို ဆရာတော်ထံဆက်ကပ်လှူဒါန်းကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အထူးရတနာပြပွဲ၌ အများဆုံးဝယ်ယူသူအားဆုချီးမြှင့် ပြပွဲဗဟိုကော်မတီနာယကကျောက်မျက်ပန်းချီကားပေးအပ်

ရန်ကုန် ဇူလိုင် ၂

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေပိုင်းတွင် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမ၌ ကျောက်စိမ်းအတွဲများ စျေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျောက်စိမ်းတစ်တွဲချင်းအလိုက် တန်ဖိုးအများဆုံးပေးဝယ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr. Thirapol Pattarajettit အား ပြပွဲဗဟိုကော်မတီ နာယကကအမှတ်တရ ဆုတံဆိပ်နှင့် ကျောက်မျက်ပန်းချီကားချီးမြှင့်သည်။

ထို့နောက်ပြပွဲဗဟိုကော်မတီသည် အထူးရောင်းချပွဲနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် မြန်မာကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဖြစ်မြောက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

အောင်မြင်

ရှေးဦးစွာ ဝန်ကြီးက ယခုကဲ့သို့ ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ကျင်းပနိုင်ခဲ့ခြင်းမှာ ပြပွဲ ဗဟိုကော်မတီဝင်များနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များ တက်ညီ လက်ညီဖြင့် ပူးပေါင်းညှိနှိုင်းကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြီးစီးခဲ့ခြင်းဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်းစိန်-ဖော့ကန်-ခေမာဝါသသာသနာ့ရိပ်သာ ဓမ္မာစရိယစာဝါပို့ချမည်

ရန်ကုန် ဇူလိုင် ၂

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်း ခေမာဝါသသာသနာ့ရိပ်သာ၌ ဘဒ္ဒန္တဝိမလာဘိဝံသ (သကျသီဟ-အစိုးရ) ဓမ္မာစရိယဆရာတော်က ပါရာဇိကဏ္ဍ အဋ္ဌကထာကျမ်းစာဝါကို ဝါဆိုလပြည့်ကျော်၂ရက် (ဇူလိုင်၁၁ရက်) အင်္ဂါနေ့မှ စတင်၍ နေ့စဉ်မွန်းလွဲ ၂နာရီမှ ညနေ၃နာရီခွဲအထိ ပို့ချမည်ဖြစ်သည်။ ဓမ္မာစရိယတန်း အောင်ပန်းဆင်မြန်းလိုသော အရှင်မြတ်များသည် ခေမာဝါသသာသနာ့ရိပ်သာသို့ ကြွရောက်၍ စာဝါလိုက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လှိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးပြီး လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကျင်းပသည့် ဆယ်အိမ်စုမှူး သင်တန်းဖွင့်ပွဲကို ဇွန်၂၆ရက် နံနက်ပိုင်းတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွား ခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးလှမြင့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌဒေါ်ပန်းပန်းဖြိုးနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူ၅၂ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင်ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးလှမြင့် **(အောက်ပုံ)** က အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးက သင်တန်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှဒေါက်တာ လွင်ကို-ဒေါ်ခင်သိန်းဝင်း မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းလေးသောင်းကို ဆရာတော် အရှင်ခေမာသိရိ(လှတော)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမတွင် ဇွန်၂၉ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်း မိသားစုများ၏ ပညာသင် ထောက်ပံ့ကြေးငွေကျပ် ၁၁၂၀၀၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်

သနပ်ပင် ဇွန် ၂၅

သနပ်ပင်မြို့နယ် သားငါးကဏ္ဍ တိုးတက်ရေးကို မျှော်မှန်း၍ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း၊ ရွှေဝါ၊ ငါးမြစ်ချင်း၊ တီလားပီးယားငါးသားပေါက်ကောင်ရေကိုးသိန်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇွန်၁၈ရက်က ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း၌ ကျင်းပသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ သနပ်ပင်မြို့နယ် ငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးဝင်းသိန်းနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များတက်ရောက်အားပေးကြပြီး စုပေါင်း၍ ငါးမျိုးစိုက်ထည့်ကြသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

တာချီလိတ် ဇူလိုင် ၁

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၈ရက် နံနက် ၉နာရီက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေငလေလန်ကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ကျေးလက်စာကြည့်တိုက် ၁၁တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသည့် စာအုပ်၊ စာစောင်မျိုးစုံအုပ်ရေ ၅၀၀ ကို တာချီလိတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးလှဌေးက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယာရှဲန်က လက်ခံရယူသည်။ **(၄၂၀)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝန်ထမ်းများ မိုးရာသီကြက်ဆူပင်စိုက်ပျိုးနေမှုကို ဇွန်၁၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (မြို့နယ် စည်ပင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ဇွန်၁၇ရက်က ကြက်ဆူပင် ၈၅၂၀ စိုက်ပျိုးရာသို့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် ၁၃လမ်းထိပ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေမြောင်းဆယ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဇွန်၁၀ရက်က မြို့နယ်ဥက္ကဋ္ဌဦးကျော်မြင့်နှင့် အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့ကြီးကြပ်စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပေါင်းတလည်-တောင်တီးလမ်းပေါ်ရှိ တောင်တီးတံတားအမှတ်(၁) တိုးချဲ့ဆောက်လုပ်နေမှုကိုဇွန်၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးစက်ချုပ်နှင့် ဇာထိုးပန်းထိုးသင်တန်းဆင်း

မြောင် ဇွန် ၁၂

စစ်ကိုင်း ခရိုင် မြောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အမျိုးသမီး စက်ချုပ်သင်တန်းနှင့် ဇာထိုး ပန်းထိုးသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၅ရက်က မြောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံး၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပမင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်း ဆရာမများအား ဂုဏ်ပြု လက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းတက်ရောက်အောင်မြင်ကြသည့် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တက်ရောက်လာကြသည့် အမှုဆောင်များက ပေးအပ်ကြသည်။ **(၃၆၇)**

လက်ဖက်စိုက်ပွဲ တီးတိန်မြို့၌ကျင်းပ

တီးတိန် ဇွန် ၂၃

ချင်းပြည်နယ် တီးတိန်မြို့၏ လက်ဖက်စိုက်ပွဲတော်ကို ဇွန်၁၇ရက် နံနက်၉နာရီက ဆဲဇန်ကျေးရွာ ဦးထွမ်းပြင်းထန်၏ လက်ဖက်စိုက်ခင်းတွင် ကျင်းပသည်။

အဆိုပါ လက်ဖက်စိုက်ပွဲတော်တွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား မြို့နယ်ဒုတိယရဲမှူး ညီညီထွဏ်း ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံဆဲဇန်ကျေးရွာနေ ပြည်သူများတက်ရောက်၍ လက်ဖက်ပင်၃၀၀၀ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ချောခင်း

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ဇွန်၃ရက်က တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျပန်းစကားပြောပြိုင်ပွဲ ပျဉ်းမနား၌ကျင်းပ

ပျဉ်းမနား ဇွန် ၈

ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မေ၂၉ရက် နံနက်၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မူမူအောင်၊ အဖွဲ့ဝင် ဒေါ်ခင်ဌေး၊ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ကျောင်းသူ ကျောင်းသားများက အလှည့်ကျ ကျပန်းစကားပြောကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။

(၀၉၉)

မိုးညှင်းမဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

မိုးညှင်း ဇွန် ၁၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ မိုးညှင်းမဂ္ဂဇင်းအမည်ဖြင့် ဒေသဖွံ့ဖြိုးရေးရာအဖြာဖြာ သုတရသစုံလင်သော မိုးညှင်းမဂ္ဂဇင်းအမှတ်စဉ်(၄)ကို ထုတ်ဝေမည်ဖြစ်ရာ မိုးညှင်းမဂ္ဂဇင်းအတွက် ကဗျာ၊ဆောင်းပါး၊ဝတ္ထုတို၊ ကာတွန်းနှင့် မှတ်သားဖွယ်ရာအဖြာဖြာ သုတ၊ ရသ စာမူများကို ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ ဦးမျိုး အောင်(ဥက္ကဋ္ဌ)မိုးအောင် ကချင်မြေ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မိုးညှင်းမြို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(၁၅၂)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်
၄-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဗလာစာအုပ်အမျိုးမျိုး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (မြန်မာ့သားချော့တေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်-ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ဘဝထဲကလူ လူထဲကဘဝ-ရွှေစောသက်)
၁၂း၂၀ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ဇာတ်လမ်းပမာ နားဆင်စရာ (ပန်းမျိုးတစ်ရာ ရောင်စုံဖြာ၍)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (နဝရတ်ကိုးပါး ဂုဏ်စွမ်းအား) အောင်ဇေယျာမင်း (တိုင်းရင်းဆေးသမားတော်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-မြန်မာစာ-ဇာတကဝတ္ထုနှင့်ရှင်းလင်းချက်)

ညနေပိုင်း

၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံမြိုင်
(၁) မိုးတဖြိုက်ဖြိုက်
(၂) ဟင်းရွက်ခူး
(၃) ချစ်စွာသောအိမ်ခင်
၁၆း၃၀ **၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အမျိုးသမီးများ ဝမ်းဗိုက်အဆီကျရန် နည်းလမ်းကောင်း) ခင်မောင်တင်(ဓာတ်ရောင်ခြည်)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဝင်ငွေတိုးဖို့ ပိုကျွေးစို့)
၁၉း၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် လက်ဖက်ပင်)
၂၀း၃၀ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် (ကလေးများ၏ တေးသီချင်းသီဆိုမှုအစီအစဉ်)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁)သည်းလွန်းတယ်ပဲဆိုချင်ဆို
(၂)သံယောဇဉ်မကုန်သေးဘူး ဆိုရင်
(၃)တစ်ပင်မှာ တစ်ခါပဲနားတယ်

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၄၆ နေ
(ဦးဖွန်ငြိမ်း)-ဒေါ်ရွှေလင်းတို့၏သားထွေး
မောင်အောင်ချစ်ထွေး
နှင့်
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉ လမ်း၊ အမှတ် ၃၈ နေ
ဦးထွန်းသိန်း-ဒေါ်ညွန့်ညွန့်ရည်တို့၏ ဒုတိယသမီး
မသန္တာသိန်း B.A (Myanmar)

တို့၏ ၂၅-၆-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် မေဝါးမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော ဘွားဘွားရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း)နှင့် ဇနီး ဒေါ်ဝင်းကြည်မိသားစု၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သီရိသုဓမ္မဓဏိဇောတဓရ ဒေါက်တာမိုးတင် (မန်နေဂျင်းဒါရိုက်တာ၊ Tin Family Co., Ltd.)နှင့် ဇနီး ဒေါက်တာအိအိတင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးအုန်းမြင့်ကျော်(မန်နေဂျာ၊ BExcellent Designပလတ်စတစ်စက်ရုံ)နှင့် ဇနီးဒေါ်မြင့်မြင့်ရည် (စုံစမ်းရေးမှူး၊ စစစ)၊ ကြွရောက်ချီးမြှင့်ကြပါသော အဘွားများ၊ ပြည်တွင်းပြည်ပနိုင်ငံများမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မရည်မြတ်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ညီမငယ်မဆုမွန်သူ၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော ညီမငယ် မနှင်းဝေဝေစိမ့်နှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မေဝါးမင်္ဂလာခန်းမမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ချစ်ထွေး-မသန္တာသိန်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားမရုံး၌။
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဦးကန္တ ကွန်ကောက်ကျေးရွာ သိန်းနီမြို့နယ်။	**နှင့်**	၁။ ဦးစန်းဆောက်ရှင်း ရပ်ကွက်(၅)၊ နယ်မြေ(၁၂) အိမ်အမှတ်(၁၃၉၀)၊ (၄၂)လမ်း၂၀ x ၂၁ လမ်းကြား၊ လားရှိုးမြို့။
တရားလို		**တရားပြိုင်**

ဦးစန်းဆောက်ရှင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကန္တက "၈-၇-၂၀၀၅ ရက်စွဲပါ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလို"ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၅ ရက် (၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇွန်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တူးဂျာ
တွဲဖက်ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံး၊
လားရှိုးမြို့။

ဝန်ထမ်းအလိုရှိသည်
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာ ခန့်ထားရန်)

လ/ထ အဆောင်မှူး **ကျား/မ (၁၀)ဦး**

M.Sc ရပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ (နေထိုင်စားသောက်စရိတ်ငြိမ်း)

အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

EC ၆(က)နတ်မောက်လမ်း၊ (ကန်ပတ်လမ်း)တာမွေ။
ဖုန်း-၅၄၈၆၄၀၊ ၅၄၅၃၉၄၊ ၅၄၁၉၃၅၊ ၅၄၈၉၄၀။

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်က ဝေစုကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူရတို့က ရှင်းလင်းတင်ပြစဉ်။ (၀၇၄)

ထန်းတပင်မြို့၌ စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

ထန်းတပင် ဇွန် ၂၈

ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့စုပေါင်း၍ နယ်လှည့်စာကြည့်တိုက်နှင့်စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန်၂၇ရက် နံနက် ၁၁နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြသင်းတို့က ကျေးရွာဥက္ကဋ္ဌ ဦးဟန်တင်သို့ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

ဇွန်၁၀ရက်က ဖခင်ဦးစံငြိမ်း၏ အသက်(၇၆)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် နှစ်ဖက်သောမိဘများအားအမှူးထား၍ ပဲခူးမြို့ ဘုရားဈေးသစ်ဥသာမေကုန်စုံဆိုင်မှ ကိုတင့်ဆွေမြင့်(ခ)ကိုကုလား-မစုစုထွေး မိသားစုက ပဲခူးမြို့ကျိုက်သရေဆောင် သမိုင်းဝင်ဟင်္သာကုန်းစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ဦးရှိ ခြင်္သေ့ရုပ်လုံးကြီးနှစ်ခုအတွက် တန်ဖိုးငွေကျပ် ၁၀ သိန်းကို အလှည့်ကျဂေါပက ဦးလှငွေထံပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်အလှူရှင်များပေါ်ပေါက်ရေး ညှိနှိုင်း

ကောလင်း ဇွန် ၈

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်စာကြည့်တိုက်များအတွက် ငွေ၊ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းနိုင်ရေးနှင့် ပြခန်းတွင် ပြသနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၂ရက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က ကျေးရွာစာကြည့်တိုက်များသို့ ငွေ၊ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ် ပစ္စည်းများ လှူဒါန်းနိုင်ရေး၊ ရေဒီယို၊ ကက်ဆက်၊ တီဗွီများ လှူဒါန်းမည့်အလှူရှင်များ ပေါ်ပေါက်ရေးနှင့် အဖွဲ့၏ မြို့နယ်အလိုက် လှုပ်ရှားမှုသတင်းမှတ်တမ်းများ ပြုစုရေးတို့ကို ဆွေးနွေးကြသည်။ **(၀၂၆)**

သွေးလှူဒါန်းနိုင်ရေး အလှူငွေပေးအပ်

တောင်ငူ ဇွန် ၂၉

သတင်းထောက် ဦးကျော်လှ(တောင်ငူ)နှင့် ဇနီး ဒေါ်ဒေဝကီးဒေဝီ(သမာဓိ)တို့၏ (၅၁)နှစ်မြောက်မင်္ဂလာအထိမ်းအမှတ်အဖြစ် ဇွန် ၁၆ရက်က သွေးလှူဒါန်းနိုင်ရေးအတွက် အလှူငွေကျပ် ၅၁၀၀၀ကို တောင်ငူမြို့ ဗြဟ္မစိုရ်လူမှုရေးကူညီမှုအသင်း၊ မေတ္တာနှင့် စေတနာသွေးလှူရှင်များအဖွဲ့သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် အတွင်းရေးမှူး ဦးယဉ်ဌေးတို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

မေတ္တာနှင့် စေတနာသွေးလှူရှင်အဖွဲ့က တောင်ငူ အထွေထွေရောဂါကုဆေးရုံကြီးနှင့် အထူးကုဆေးခန်း သုံးခုတို့တွင် တက်ရောက်ကုသကြရာ သွေးလိုအပ်သောလူနာများကို သွေးအုပ်စုအလိုက် လှူဒါန်းလျက်ရှိသည်။

ဗြဟ္မစိုရ်လူမှုရေးကူညီမှုအသင်း၊ မေတ္တာနှင့် စေတနာသွေးလှူရှင်များအဖွဲ့သို့ သွေးလှူဒါန်းရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများနှင့် ကိုယ်တိုင်ဆန္ဒပြုသွေးလှူဒါန်းလိုသူများသည် အသင်းရုံး ဖုန်း ၀၅၄-၂၅၂၄၀၊ ၂၅၁၄၁၊ အသင်းနာယက ဦးကျော်လှ(သမာဓိ) ဖုန်း ၀၅၄-၂၃၆၇၈နှင့် အသင်းဥက္ကဋ္ဌဦးမြင့်ညို(အမေ့အိမ်) ဖုန်း ၀၅၄-၂၄၂၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၂)**

ရေသွယ်မြောင်းကူးတံတားကြံ့ခိုင်မှုနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကျောက်ကြီး ဇွန် ၁၀

ကျောက်ကြီးမြို့ အောင်သုခ ရပ်ကွက်နှင့် တောင်ငူတန်းရပ်ကွက် ဆက်သွယ်ထားသည့် ရေသွယ်မြောင်းကူးတံတားကြံ့ခိုင်မှုရှိရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို ဇွန် ၉ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကိုကိုလေးနှင့်တာဝန်ခံအင်ဂျင်နီယာဦးဇော်မြင့်တို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ မိုးရာသီအတွင်း အောင်သုခရပ်ကွက် မြေသားလမ်းများ အခိုင်အမာရှိရေး၊ ကျောက်ကြီး ချောင်းရေတက်ချိန်တွင် ရေသွယ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးကြသည်။ **(၂၁၁)**

ပန်းဘဲတန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၁၀)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဇွန်၂၆ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘယ်လာရုစ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆာဂေး၊ဆီဒေါ်စကီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ Tele-Port ပင်မအဆောက်အအုံနှင့် Soft Ware, Incubation အဆောက်အအုံ မြေသန့်ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဇူလိုင် ၂

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ Tele-Port ပင်မအဆောက်အအုံနှင့် Soft Ware, Incubation အဆောက်အအုံ မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့က မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့တက်ရောက်၍ ပန္နက်တင်ပေးကြသည်။

အဆိုပါ မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြင်ဦးလွင်မြို့ ခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ပြင်ဦးလွင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့ ခဲလယ်ကျောင်းဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက အဆောက်အအုံဆောက်လုပ်မည့် မြေနေရာကို မြေသန့်စင်ပေးတော်မူကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ■

မြေရေလှောင်တမံ ဘက်စုံစီမံကိန်း



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မမြေရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂-၇-၂၀၀၆)

သံတွဲ	၈ ဒသမ	၅၈ လက်မ
ထားဝယ်	၃ ဒသမ	၂၃ လက်မ
ပဲခူးနှင့်သထုံ	၃ ဒသမ	၁၅ လက်မ
ပူတာအို	၃ ဒသမ	၀၇ လက်မ
ဟားခါး	၂ ဒသမ	၈၀ လက်မ
မြိတ်	၂ ဒသမ	၃၆ လက်မ
မော်လမြိုင်	၂ ဒသမ	၂၄ လက်မ
အောင်လံ	၀ ဒသမ	၇၁ လက်မ

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆောင်ရွက် ရေကောင်း မြေကောင်း၌ မျိုးကောင်းမျိုးသန့်များစိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧရာဝတီတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များလိုက်ပါလျက် ဇွန်၂၄ရက်တွင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ဒေသ၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော မမြေရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး ရှေးဦးစွာ ရေပိုလွှဲအဆောက်အအုံတည်ဆောက်ပြီးစီးမှုနှင့် ရေပိုလွှဲ၏အောက်ခြေရေဆင်းနေရာ၌ အချောသပ်လုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေကြမှုကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၁၂ ကော်လံ ၂* ❒

မြန်မာ့အလင်း

ကမ္ဘာ့ ဖလား သတင်းဂယက် အညွှန်း

ဘရာဇီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲသည် အလွန်လှပသော ပွဲဖြစ်ကြောင်း ပြင်သစ် ကွင်းလယ်အားကစားသမား ဇီဒန်း ပြောကြား



အွန်နရီနှင့် ဇီဒန်းတို့ နှစ်ဦးသည် အန္တရာယ် များသော ကစားသမားများ ဟု ဘရာဇီးနည်းပြ ပရဲရားသတိပေးခဲ့

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးသတင်းများ (စာ-၁၃)